# ကချင်လူမျိုးတို့၏ အသုဘအခမ်းအနား

ကချင်လူမျိုးတို့သည် တမလွန်ဘဝကိုယုံကြည်ကြသူများဖြစ်ကြသည်။ တစ်စုံတစ်ယောက်သည် အသက်ရှင်လျက်ရှိနေရာမှ သေလွန်ခြင်းသို့ရောက်သောအခါ မူလခန္ဓာနှင့်တွဲဖက်လျက်ရှိသော ဝိညာဉ်သည် ခန္ဓာကိုယ်ထဲမှ ခွဲထွက်သွားသည်ဟု အယူရှိကြသည်။ ထိုဝိညာဉ်သည် ခန္ဓာကိုယ်ထဲမှ ခွဲထွက်၍ တွယ်ရာမဲ့ဖြစ်နေသဖြင့် ဘိုးဘေးတို့၏ဝိညာဉ်များစုဝေးရာဒေသသို့ ရောက်အောင် ကျန်ရစ်သူဆွေမျိုးသားချင်းတို့က ပို့ဆောင်ပေးရမည့် တာဝန်ရှိသည်ဟူ၍လည်း ယုံကြည်ကြသည်။ ထိုဒေသကိုဝိညာဉ်တို့တိုင်းပြည် (ဆူးဂါး) ဟုခေါ်သည်။ သေသူ၏ ဝိညာဉ်က ထိုဝိညာဉ်တိုင်းပြည်သို့မပို့မိလျှင်ထိုဝိညာဉ်သည် လူများအား မကြာခဏ လာရောက် နှောင့်ယှက်နေလိမ့်မည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် သေသူ၏ဝိညာဉ်အား ဝိညာဉ်တို့စုဝေးရာသို့ ပို့ဆောင်ပေးရခြင်းသည် အရေးကြီးသောလုပ်ငန်း တစ်ရပ်ဖြစ်သည်။

လူတစ်ယောက်သေဆုံးသည်နှင့်တစ်ပြိုင်နက် အိမ်နီးချင်းများ သိစေရန်သေနတ် သုံးချက်ဖောက်ရသည်။ အသုဘမောင်းထုနည်းဖြင့် မောင်းကိုထုရသည်။ သေနတ်သံ၊ မောင်းသံမကြားနိုင်သော အရပ်တွင် နေထိုင်ကြသည့် ဆွေမျိုးများထံသို့မူ လူလွှတ်၍

အကြောင်းကြားရသည်။ သတင်းကြားသော ဆွေမျိုး မိတ်သင်္ဂဟများက မိမိတို့ တတ်နိုင်သော ကျွဲ၊ နွားနှင့် အခြားပစ္စည်းများကို ယူဆောင်လာကြသည်။ အသုဘရှင် ကလည်း သေသူ၏ပစ္စည်းများကို သေသူ၏မိတ်ဆွေ များအား အမှတ်တရဖြစ်စေခြင်းငှာ ဝေငှပေးရသည်။

ထို့နောက်သေသူကိုမိတ်ဆွေသင်္ဂဟများကပင် ရေချိုးပေးရသည်။ အသုဘရှင်တို့မှာ ပူပန်သောက ရောက်နေကြ၍ မည်သည်ကိုမျှပင် မလုပ်ကိုင်နိုင်ကြ ချေ။ သေသူကို ရေချိုးပေးရန်အတွက် အထူးတလည် ရေခပ်လာရသည်။ အလောင်းကိုဆေးကြောရန်နှင့် နတ်ဆရာသုံးရန်အတွက် ရေကိုအထူးတလည် သွား ရောက် ခပ်ယူရာ ရေခပ်သွားရာတွင် နတ်ဆရာအပြင် မောင်း၊ လင်ကွင်းနှင့် ဗုံတီးသူအဖွဲ့ပါသွားရသည်။ ရေဆိပ်တွင် နတ်ဆရာက“ဤနေရာတွင် နုံးရှောင် မြစ်နှင့် နုံးနောင်မြစ်မှရေများ ဆန်၍လာစေ” ဟု ဆိုရ သည်။ ရေခပ်မည့်သူများက ဝါးကျည်တောက်နှစ်ခုကို လက်တစ်ဖက်တွင်ကိုင်၍ ရေစပ်သို့ သုံးကြိမ်သွား၊ သုံးကြိမ်ပြန်ဆုတ်၊ လေးကြိမ်မြောက်တွင် လက်ဝဲ လက်ဖြင့် ရေကိုစုန်၍လည်းကောင်း၊ လက်ယာလက် ဖြင့်ရေကို ဆန်၍လည်းကောင်း ခပ်ပြီးပြန်လာရသည်။ ရုပ်အလောင်းကို ရေချိုးပြီး မျက်နှာသစ်ရာတွင် သေသူ၏ လက်ဝဲလက်ဖြင့်ပင် သေသူ၏မျက်နှာကို သစ်ပေးရသည်။ အိမ်တစ်အိမ်တွင် တစ်စုံတစ်ယောက်

သေဆုံးသည်နှင့်တစ်ပြိုင်နက် အိမ်တွင်းတွင်ကိုးကွယ်ထားသောနတ်များကို ခေတ္တခဏ သွားလိုရာသို့ သွားရောက်စံမြန်းရန် မေတ္တာရပ်ခံရသည်။ နတ်များကို အိမ်မှခေတ္တထွက်သွားရန် မေတ္တာရပ်ခံခြင်းမှာ သေသူ၏ ရုပ်အလောင်းကို နတ်များမမြင်စေလိုသောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နတ်တို့ ကိုယ်တိုင် စောင့်ရှောက်ထားသူ (ဝါ) နတ်တို့ကို ပူဇော်ပသခဲ့သူကို အသက်ရှင်ရန် နတ်တို့က မစွမ်းဆောင်နိုင်သဖြင့် နတ်တို့မျက်နှာ မပူစေရန် အိမ်မှခေတ္တ ထွက်ခွာသွားစေခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့သို့မေတ္တာရပ်ခံပြီးနောက် နတ်နှင့်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကို ဖက်များဖြင့်ထုပ်ကာ တောင်းတွင်ထည့်၍ အိမ်ပြင်ထုတ်ချိတ်ဆွဲထားရသည်။ အသုဘ ကိစ္စမပြီးမီ နတ်ပူဇော်ရန်အကြောင်း ပေါ်လာပါက အိမ်ပြင်မှာပင် ပူဇော်ပသရသည်။ အိမ်တွင်းနတ်များကို အိမ်ပြင်ထုတ်ပြီးနောက် နတ်ဆရာသည် အသုဘကိစ္စကို သေသူ၏ ဘိုးဘေးထံ အကြောင်းကြား၍ သေသူ၏ဝိညာဉ်ကို လာရောက် ထိန်းသိမ်းရန် ပန်ကြားလေသည်။ သေသူ၏အဘေးကို စတင်အကြောင်းကြားရာတွင် နတ်ဆရာသည်လက်ဝဲလက်ဖြင့် မောင်းကိုတီးခတ်၍-

"သင်သည်လည်းသေလွန်ခဲ့ပြီဖြစ်၍ သင်၏သားနှင့် သင်၏မြေးတို့သည် သင့်နောက်သို့ လိုက်ခဲ့ကြပြီးဖြစ်

လေသည်။ ယခုသင်၏မြစ်သည်လည်း အလားတူပင် သင့်လမ်းသို့ လိုက်ခဲ့ချေပြီ။ အသင်ကိုယ်တိုင်လာ ရောက်၍ သင့်မြစ်အား အသင်တို့ စုဝေးနေထိုင်ရာ ဝိညာဉ်လောကသို့ အရောက်ခေါ်သွားပါလော့ ဟူ၍ ရွတ်ဆိုပန်ကြားကာ မောင်းကိုလက်ခတ်အသစ်ဖြင့် ထပ်မံတီးခတ်၍ အထက်ပါအတိုင်း အခါခါ ထပ်မံ၍ ရွတ်ဆိုပြန်သည်။

ထို့သို့ အဘေးဖြစ်သူအား ပန်ကြားပြီးနောက် သေသူ၏အဖိုးဖြစ်သူအားလည်းကောင်း၊ သေသူ၏ ကွယ်လွန်ပြီးဖြစ်သော သူ့ဖခင်အားလည်းကောင်း တစ်ဦးပြီးတစ်ဦးပန်ကြားရပြန်သည်။ သေသူ၏ ဝိညာဉ်ကို ပန်ကြားရာတွင် “အသင် အသက်မသေ စေရန် ကျွန်ုပ်တို့သည် အစွမ်းရှိ သရွေ့ အမျိုးမျိုးအဖုံဖုံ ကုသခဲ့သည်။ အမျိုးမျိုးသော နတ်တို့အား ပူဇော်ပသခြင်း အမှုကိုပြုခဲ့ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ ကြိုးစားမှု မအောင်မြင်၊ သင်၏အဘေး၊ သင့်အဖိုး၊ သင့်အဖေတို့ ကဲ့သို့ပင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ သို့ဖြစ်၍ သင်၏ ဝိညာဉ်သည်သင့်အဘေး၊သင့်အဖိုး၊ သင့်အဖေတို့ ရှိရာအရပ်သို့သွားပါ လေလော့ဟူ၍ ပြောကြားပြီး နောက် သေသူအား ဝိညာဉ်အဖြစ်သာ အသိအမှတ်ပြု၍ လူနာမည်ကို မခေါ်တော့ဘဲ ဝိညာဉ်ဟုသာခေါ်တော့ သည်။ သေသူနှင့် ဆက်ဆံရာတွင် လက်ဝဲလက်ကိုသာ အသုံးချတော့ သည်။

အသုဘနှင့်ဆိုင်သော လုပ်ငန်းရပ်များတွင် လိင်ကို လိုက်၍လည်းကောင်း၊ အသက်အရွယ်ကို လိုက်၍ လည်းကောင်း ကွဲပြားခြားနားမှုများရှိသည်။ ကွယ်လွန် သူသည် အမျိုးသမီးဖြစ်ပါက ယင်း၏ ဘိုးဘေးတို့ကို ပန်ကြားခြင်းမပြု၊ ယင်း၏ လင်ယောကျ်ားနှင့် လင်ယောကျ်ား၏ ဘိုးဘေးတို့ထံမှသာ ပန်ကြားရ သည်။ သေဆုံးသူသည် အသက်အရွယ်ကြီးရင့်မှသာလျှင် မောင်းကိုတီးခတ်၍ လူငယ်လူရွယ်များ သေဆုံးလျှင်မူ မောင်းကိုမသုံး ချေ။

ထိုသို့နတ်ဆရာက သေဆုံးသူအားပန်ကြားပြီး နောက် အသက်ပျောက်သောနေရာ နတ်စင်ရှိရာ အခန်းဝသို့ ရွှေ့ပြောင်းရသည်။ ထိုနေရာတွင် နတ်ဆရာသည် သေသူအား သူ၏ဘိုးဘွားများရှိရာသို့ ခရီးထွက်ခွာရန် အဝတ်အစားများဝတ်ဆင်ပေးမည် ဖြစ်၍ လဲလျောင်းနေရာမှ ထရန်အမိန့်ပေးသည်။ ထိုအခါ အနီးအနားရှိလူများက သေသူအားမ၍ ခုံငယ်ပေါ်တွင်ထိုင်သည့်အနေအထားဖြင့် တည်စေ၍ သာမန်လူတန်းစား ဖြစ်ပါက ဝါးကျည်တောက်ဖြင့် လည်းကောင်း၊ ဒူဝါများအတွက် မောင်းတွင်လည်းကောင်း ထည့်လာသောရေကို လက်ဝဲလက်ဖြင့်ယူ၍ ရေချိုး ပေးရသည်။ ထို့နောက် လက်ဝဲ လက်ဖြင့်ပင် ခေါင်းဖီး ပေးရသည်။





ထိုသို့ဆေးကြော သုတ်သင်ပေးခြင်းမှာ လူနှံ့ပျောက်အောင်ဖြစ်သည်။ ထို့နောက်သစ်လွင်သော အဝတ်အစားများကို ဝတ်စားပေးရသည်။ သူ၏အသုံးအဆောင်များကိုလည်း သေသူ၏ကိုယ်တွင် တပ်ဆင်ပေးရသည်။ ဤသို့ တပ်ဆင်ပေးရာတွင် အသက်ရှင်သူတို့နည်းအတိုင်း မဟုတ်ပဲ ပြောင်းပြန်တပ်ဆင်ပေးရသည်။ ဓား၊ လုံ၊ လွယ်အိတ်၊ လေး၊ မြား၊ သေနတ်တို့ကို သေသူ၏ လက်ဝဲလက်တွင် ချိတ်ဆွဲပေးကြသည်။ အမျိုးသမီးဖြစ်ပါက ပုတီး၊ နားတောင်း၊ လက်ကောက်စသော လက်ဝတ်တန်ဆာများကို ဆင်ယင်ပေးရသည်။ ကွမ်းခွက်၊ အပ်၊ အပ်ချည်၊ ဘီးစသော သေသူ၏ပစ္စည်းများကို နောက်လွယ်တောင်းတွင်ထည့်၍ သေသူ၏အမျိုးသမီးဘေးတွင် ချထားရသည်။ ကလေးများဖြစ်ပါက သူတို့၏ကစားစရာများကိုချထားပေးရသည်။ ထို့နောက် သေသူ၏ပါးစပ်ထဲသို့ဖြစ်စေ၊ လက်မောင်းအောက်သို့ဖြစ်စေ ငွေမတ်စေ့၊ ငွေမူးစေ့တစ်ခုခုကို ကူးတို့ခသဘောဖြင့် ထည့်ပေးလိုက်ရသည်။

သေသူအား ထိုအနေအထားအတိုင်းထားကာ သေသူ၏ဘိုးဘေများ၏ ဝိညာဉ်များကို ပင့်ဖိတ်၍ ပြရသည်။ ထိုသို့ပြပြီးနောက် သေသူ၏ဘေးတွင် ချထားသော ပစ္စည်းများကို နတ်စင်ရှေ့သို့သယ်ဆောင်သွား၍ အိမ်တွင်းသို့ဝင်လာသော ဧည့်သည်များ

သေသူ၏မျက်နှာကိုမြင်နိုင်သည့် အနေအထားအတိုင်း အလောင်းကိုထားရမည်။ ထို့နောက် သေသူ၏ ဒူးနှစ်ဖက်၊ ခြေမနှစ်ချောင်းနှင့် လက်မနှစ်ချောင်း တို့ကို ပူး၍ချည်ပေးရသည်။ သေသူသည်အိမ်တွင် အကြီးအကဲဖြစ်ပါက ရုပ်အလောင်းကို အိမ်ခေါင်းမိုး၏ အောက်တည့်တည့်တွင် ထားရသည်။ ထိုသို့ပြင်ထား သော ရုပ်အလောင်းအနီးတွင် သေသူ၏ ပစ္စည်းများကို ချိတ်ဆွဲထားရသည်။ သေသူ၏ဝိညာဉ်သည် ဘိုးဘေးများ၏ ဝိညာဉ်ရှိရာအရပ်သို့ မရောက်မချင်း အိမ်တွင်းစောင့်နတ်ဖြစ်လာသည်။ ယင်းနတ်အား နေ့စဉ်ဆားနှင့် ငရုတ်ကောင်းမပါသော စားဖွယ်များ တင်ဆက်ရသည်။

ထိုအချိန်မှာပင် အသုဘအိမ်သို့ ရောက်လာသော မိတ်သင်္ဂဟဆွေမျိုးများက အသုဘအတွက် ခေါင်းလုပ်ရန်တာဝန်၊ အိမ်ရှေ့တွင် ကရွယ်ခေါ် ဝါးရုံးဆောက်လုပ်ရန် တာဝန်များကိုခွဲဝေကြသည်။ ကရွယ်ခေါ် ဝါးရုံကို အိမ်ရှေ့တွင် ကျင်းတူး၍ ဝါးခက်များကို မဖြတ်ပဲ ပကတိ ဝါးရုံများကဲ့သို့ပင် အောက်ခြေစု၍ အခက်အလက်များ ဝေဆာစွာ ပြုလုပ်ထားသည်။ ထိုဝါးရုံတွင်သုံးသော ဝါးများကို လူသေမြှုပ်ရာတွင် ဆောက်လုပ်သည့် အဆောက်အဦးအတွက် အသုံးချသည်။ ထိုဝါးများကို အခြားအကြောင်းတွင် အသုံးမပြုရချေ။ ထိုဝါးရုံဆောက်သောအခါ ကျွဲ သို့မဟုတ်

နွားကိုသတ်၍ ပူဇော်ရသည်။ ထိုဝါးရုံတွင် အဝတ်အစား အသုံးအဆောင်ပစ္စည်းများကို ချိတ်ဆွဲရသည်။ အသုဘပွဲ ကရာတွင် ထိုဝါးရုံကိုဝိုင်း၍ ကကြလေသည်။

သေသူကိုခေါင်းသွင်းရန်အတွက် ခေါင်းလုပ်ရန် ပထမဦးစွာသစ်ပင်ကို ရှာဖွေရသည်။ ပစ္စည်းရှိသူများက တောင်တမာသားကို ခေါင်းလုပ်ရာတွင် အသုံးပြုကြသည်။ သစ်ပင်ကို လှဲရာတွင် သစ်ပင်လှဲခါနီး၌ ကြက်တစ်ကောင်ကို ရိုက်သတ်၍ သစ်ပင်စောင့်နတ်အား ပူဇော်ရသည်။ သစ်ပင်လုံးကို ထွင်း၍ ခေါင်းပြုလုပ်ရသည်။ ခေါင်းကိုဖုံးရန်အတွက် သစ်ကိုခြောက်လက်မခန့် လွှာယူ၍ အဖုံးလုပ်ရသည်။ ခေါင်းကိုလှပစေရန် အနီရောင်ဆေး သုတ်ရသည်။ ရုပ်အလောင်းကို ရေရှည်ထားသောအခါတွင် ခေါင်း၏ ခြေရင်းဖက်နား၌ အပေါက်ငယ်တစ်ခု ဖောက်၍ ထိုအပေါက်ဝတွင် ဝါးလုံးဖြင့် အိမ်အောက်သို့ ဆက်ထားခြင်းဖြင့် ရုပ်အလောင်းမှ အပုပ်ရည်အပြင်သို့ ထွက်သွားနိုင်သည်။ မြေမြှုပ်သင်္ဂြိုဟ်ခြင်းကို သေဆုံးသည့်နေ့မှစ၍ ရက်စုံများတွင် ပြုလုပ်လေ့ရှိသည်။ မြို့ထွယ်ခေါ် နတ်ဝင်သည်များ သေဆုံးမှသာလျှင် (၇)ရက်မြောက်နေ့တွင် အသုဘချလေ့ရှိသည်။ အခေါင်း၏ဘေးတလျှောက်တွင် ပစောက်ပုံသဏ္ဍာန်များ ရေးဆွဲလေ့ရှိသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ





သေသူနှင့်အတူပါသွားလိုသော ဝိညာဉ်များကြောက်ရွံ့စေရန်ဖြစ်သည်။ ထို့နောက်အခေါင်းကို လူသေမထည့်မချင်း ကရွယ်နားတွင်ထားရသည်။

လူသေသော ညဖက်တွင်ဖြစ်စေ၊ နောက်နေ့တွင်ဖြစ်စေ ကွယ်လွန်သူနှင့်တကွ ကွယ်လွန်သူ၏ဝိညာဉ်အား လာရောက်ခေါ်ယူရန် ပင့်ဖိတ်ထားသော ကွယ်လွန်သူ၏ အဖိုး၊ အဘေး၊ အဖေတို့၏ ဝိညာဉ်များအား ပူဇော်ရသည်။ ဤသို့ပူဇော်ရာတွင် ကြက်တစ်ကောင်ကိုသတ်၍ လေးပိုင်းပိုင်းကာ ခေါင်းပိုင်းကို လောလောဆယ်သေသူ၏ ဝိညာဉ်အား ပူဇော်၍ ကျန်တစ်ပိုင်းကို သေသူ၏ ဘိုး၊ ဘေး၊ အဖေတို့၏ ဝိညာဉ်များအား တစ်ပိုင်းစီပူဇော်ရသည်။ ထိုကြက်နှင့်အတူ ခေါင်ရည်၊ ကောက်ညှင်းပေါင်းတို့နှင့်လည်း ပူဇော်ရသည်။ ထိုဝိညာဉ်များအား ပူဇော်သော အစားအစာများကို လူငယ်များ မစားကောင်းချေ။ စားမိပါက မေ့လျော့တတ်သည်ဟု ယုံကြည်ကြသည်။ ဤပူဇော်သော အစားအစာများထဲတွင် ဆားနှင့်ငရုတ်ကောင်း မထည့်ရချေ။

သေသူ၏ဝိညာဉ်အား ပူဇော်သောညနေပိုင်းတွင် အသုဘပွဲကို ကျင်းပလေ့ရှိကြသည်။ ထိုသို့ အသုဘပွဲကျင်းပမည့်အကြောင်းကို သေသူ၏ဝိညာဉ်အား နတ်ဆရာက ပထမအကြောင်းကြားပြီးနောက် ချိတ်ဆွဲထားသော မောင်းနှင့်ဗုံရှည်ကိုတီးကာ ကပွဲကို

အိမ်တွင်းမှစ၍ကကြသည်။ ကပွဲခေါင်းဆောင်နှစ်ဦး လုံတစ်ချောင်းစီကိုင်ကာ ကပွဲကို ဖွင့်လှစ်စေသည်။ ထိုခေါင်းဆောင်နှစ်ဦးအနက် တစ်ဦးက သေသူကို ကိုယ်စားပြု၍ တစ်ဦးကကျန်ရစ်သူများကို ကိုယ်စား ပြု၏။ လုံများတွင် ပန်းပွားများ တပ်ဆင်သည်။ ကျန်ရစ်သူများကို ကိုယ်စားပြုသူ၏လုံမှာ သပ်ရပ် လှပစွာပန်းစည်းကြိုးများ၊ ပန်းပွားများဖြင့် တန်ဆာဆင် ထားသော်လည်း သေသူကိုကိုယ်စားပြုသူ၏ လုံကိုမူ မသပ်မရပ်ပင် ထား၍ ကိုင်ဆောင်ရာတွင်လည်း ပြောင်းပြန်ကိုင် ဆောင်ရသည်။ ထိုသူနှစ်ဦးနောက်မှ ယောက်ျားများနှင့် ကလေးများက လိုက်ကကြသည်။ အကခေါင်းဆောင်နှစ်ဦးသည် နောက်ပါများနှင့် ပထမဦးစွာ ညှော့ခန်းမီးဖိုနားမှ အသုဘရုပ်အလောင်း အနားသို့ သွားချည်၊ ပြန်ချည်နှင့် သုံးကြိမ်မျှ ပြုလုပ် ပြီးသော် အိမ်ပြင်သို့ထွက်ကာ ကရွှယ်ကိုပတ်၍ ကကြ ပြန်သည်။ ကပွဲပြီးခါနီးတွင် ကရွှယ်စိုက်ခြင်းကို သရုပ်ဖော်၍ကသည်။ ထိုအကဖြင့် အသုဘကပွဲကို အဆုံးသတ်သည်။အိမ်တွင်းတွင် ကကြစဉ် လုံကိုင်သူ များမှာ အဓိကဇာတ်ကောင်အဖြစ် သေဆုံးပုံ၊ ရေချိုးပုံ၊ အဝတ်လဲပေးပုံတို့ကို သရုပ်ဖော်ကကြသည်။ အသုဘ ကပွဲ၏ ပဏာမအကကို “အင်ဒေါင်ကခရန်” ဟုခေါ်၍ အသုဘကပွဲကြီးကိုမူ “ဂဗုံဒွန်” ဟုခေါ်သည်။ ကချင် လူမျိုးတို့သည် အသုဘမြုပ်နှံရန်အတွက် ရွာဘေးတွင်








VideoShow




သင်္ချိုင်းသီးသန့် သတ်မှတ်မြှုပ်နှံလေ့ရှိသည်။ ရိုးရိုးသေသူများနှင့် အစိမ်းသေသူများ၏ သင်္ချိုင်းကိုလည်း သီးခြားစီထား၍ သင်္ဂြိုဟ်ကြသည်။ သေသူများကို တောတွင်းနေရာ အနှံ့အပြားတွင်လည်း မြှုပ်နှံလေ့ရှိသည်။ အချို့မှာ ရွာနှင့်နီးကပ်သော တောထဲတွင် မြှုပ်နှံ၍ အချို့မှာ ဝေးလံသော တောများတွင် မြှုပ်နှံကြသည်။ မြှုပ်နှံရန်နေရာ ရွေးသောအခါ ကြက်ဥတစ်လုံးကို ကိုင်ဆောင်၍ အဓိဋ္ဌာန်ပြုပြီးသေသူအား မည်သည့်နေရာတွင် မြှုပ်ရန်ဆန္ဒရှိကြောင်း မေးမြန်းပြီး တောတွင်းတစ်နေရာတွင် ကြက်ဥကိုပစ်လိုက်ရသည်။

ကြက်ဥကျသောနေရာတွင် ကွဲပါက ထိုနေရာကို ရုပ်အလောင်းမြှုပ်ရန် ကျင်းတူးသင့်သောနေရာဟု မှတ်ယူကြသည်။ အကယ်၍ ကြက်ဥမကွဲပါက မကွဲမချင်း နေရာသစ်ရှာကြရသည်။ ကျင်းတူးရာတွင် ကျင်းကိုအိမ်ရှိရာဖက်သို့ ဦးတိုက် တူးရမည့်နေရာ၊ ဓာမျိုးတို့ တူးရမည့် နေရာတို့ကို သတ်မှတ်၍ မယုမျိုး တို့ကစ၍ တူးရသည်။ ကျင်းစ၍မတူးမီ သေသူအား ရည်မှန်း၍ ကြက်တစ်ကောင်သတ်၍ ပူဇော်ရသည်။ ထိုကြက်ကို ကျင်းတူးသူများ ချက်စား ကြသည်။

သာမာန်လူတန်းစားများအတွက် ကျင်းကို သုံးပေကျော်ခန့်သာ နက်အောင်တူး၍ ဒူဝါမျိုးတို့ အတွက်မူကား လေးပေ၊ ငါးပေခန့်နက်အောင်တူးပြီး အောက်တွင် ပျဉ်ပြားခံထားရသည်။

သေဆုံးပြီး (၄) ရက်မြောက်၊ (၆)ရက်မြောက်၊ (၈)ရက်မြောက်သော နေ့များတွင် အသုဘချလေ့ရှိ သည်။ အစိမ်းသေ သေသူ၏ အသုဘကိုအိမ်ပြင်သို့ ထုတ်သောအခါ တံခါးပေါက်မှမထုတ်ပဲ အိမ်ထရံကို ဖောက်ထုတ်ကြသည်။ အသုဘချ သွားရာလမ်း တလျှောက်တွင် ထက်နေအောင် သွေးထားသော ဓားနှစ်လက်ကို လူနှစ်ယောက်က ကိုင်ဆောင်ပြီး အခေါင်းပတ်လည်တွင် လေကိုဓားနှင့်ခုတ်ရင်း လိုက် ပါသွားရသည်။ အကြောင်းမှာ အသက်ရှင်နေသူတို့၏

လိပ်ပြာများပါသွားမည်စိုး၍ ဖြစ်သည်။ မောင်းကိုလည်း တီးခတ်သွားရသည်။ လိပ်ပြာမောင်းသူလည်း လိပ်ပြာမောင်းရသည်။ လိပ်ပြာမောင်းရာတွင် ဆန့်ကျင်ဖက်လိုင်က မောင်းရသည်။

ခေါင်းကိုမြေတွင်မမြှုပ်မီ ဆွေမျိုးသားချင်းများက သေသူအား နောက်ဆုံးကြည့်ကြသည်။ ထို့နောက် ခေါင်းကို မြေသို့ချ၍ အသုဘပို့သူ အားလုံးက မြေဖို့ကြသည်။ မြေပုံမှာမြေပြင်မှ အထက်သို့ တစ်ပေခန့်မို့မောက်နေရသည်။ မြေပုံ၏ခေါင်းရင်းတွင် ကျောက်ချွန်တိုင်တစ်တိုင်စိုက်သည်။ အသုဘပို့ရာမှ ပြန်ကြသောအခါတွင် အသုဘပို့သူ များသည်နူတ်မှ “ဒီလမ်းကို နောက်ဘယ်တော့မှ မလာပါရ စေနဲ့တော့” ဟု ထပ်တလဲလဲ ရွတ်ဆိုရသည်။

ရုပ်အလောင်းကို မြေတွင်မြှုပ်ပြီးသည့်နေ့မှစ၍ နောက်ဆုံးအသုဘအခမ်းအနား ပြီးဆုံးမည့်နေ့အထိ ညစဉ်အသုဘ ကပွဲကို အသုဘအိမ်တွင်ကျင်းပသည်။ နောက်ဆုံးသော အခမ်းအနားကို မလုပ်နိုင်သေးပါက ထိုညတွင်ကပွဲ မလုပ်တော့ပေ။ အသုဘကပွဲတွင် သံစဉ်ဖြစ်သော မောင်းသုံးလုံးကို တီးခတ်၍ ကကြိုးမှာ သတ်မှတ်ထားသည့် အတိုင်းကကြသည်။ ကပွဲ၏ ရည်ရွယ်ချက်မှာ သေသူအား ဖျော်ဖြေခြင်း၊ အမှတ်တရဖြစ်စေခြင်း၊ ကျန်ရစ်သူများအတွက် စိတ်ပြေလက်ပျောက်ဖြစ်စေခြင်းတို့အတွက် ပြုလုပ်

ခြင်းပင်ဖြစ်သည်။ ကကြိုး၊ ကကွက်များမှာ အလွန်များပြားလှ၍ ကကွက် တစ်မျိုးတွင် အဓိပ္ပာယ်တစ်မျိုးစီရှိရာ ကကြိုး (၃၇) မျိုးခန့်ရှိပြီး ကချင်လူမျိုးတို့၏ဘဝမှန်ကို သရုပ်ဖော်ကနည်းများ ပါဝင်၏။ ကချင်လူမျိုးတို့၏ ဘဝနေထိုင်စားသောက်ပုံ၊ ဝမ်းသာရွှင်လန်းပုံ၊ ဝမ်းနည်းကြေကွဲပုံ၊ ကံကြမ္မာညိုးနွမ်းပုံစသည့် ဘဝအတွေ့အကြုံများကို သရုပ်ဖော်ကပြကြသည်။ကပွဲ၏ပထမပိုင်းတွင် သေသူအတွက် လုပ်ကိုင်ကြပုံများကိုကကြ၏။ ထို့နောက်မှ နေ့စဉ်လုပ်နေကျလုပ်ငန်း တောင်ယာခုတ်ခြင်း၊ စပါးစိုက်ခြင်း၊ စပါးကြဲခြင်း၊ စပါးရိတ်ခြင်း၊ ပဲ၊ ဝါတို့ကို စိုက်ပျိုးခြင်း၊ မိုင်းငင်ခြင်း၊ ယက်ကန်းရက်ဟန်တို့ကို ကကြိုးကကွက်များနှင့် သရုပ်ဖော်ကြရာ ကဟန်များမှာ ငြိမ့်ညောင်းလှသည်။ ထိုအကများကို အများအားဖြင့် လူငယ်များကသာ ကကြသော်လည်း လူကြီး၊ လူငယ်၊ကလေး၊ မိန်းမ၊ ယောကျ်ား အားလုံးသည် ဝိုင်းကကြသည်။ ထိုကပွဲကို ခေါင်းဆောင်နှစ်ဦးက ဦးဆောင်ရာ ခေါင်းဆောင်တို့ကိုကြည့်၍ ကကွက်ကို ပြောင်းကရသည်။

ထိုကပွဲကို ၄၊ ၅၊ ၆ ရက် ဆက်လက်ကျင်းပရာ ရွာတွင်းမှသာမက အနီးအနား ရွာများမှ မိတ်ဆွေသင်္ဂဟများလည်း လာရောက်ကြသဖြင့် ဧည့်ခံရသည်။ ကပွဲမှာ ညဦးယံမှစ၍ နံနက် နေထွက်သည်

အထိ ကြာညောင်းသည်။ ဤသည်မှာ ကချင်လူမျိုးတို့၏ အသုဘအခမ်းအနားပင်ဖြစ်ပေသည်။

# ကယားတိုင်းရင်းသားတို့၏ ဘဝအဖော်မွန်ရှာကြပုံနှင့် ထိမ်းမြားလက်ထပ်မှု

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားမျိုးနွယ်စု (၁၃၅)မျိုး ရှိသည့်အနက် ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာအစားအစာများ ကွဲပြားလျက်ရှိကြပါသည်။ ကယားပြည်နယ်တွင် ကယား၊ ကယန်း(ပဒေါင်)၊ ကယော၊ ဂေခို(ကယန်းကဒေါ့)၊ ဂေဘား၊ ယင်းဘော်၊ ယင်းတလဲ၊မနုမနော(ကော်ယော်)၊ ဇယိမ်း (ကယန်းလထာ) စသည့် ဌာနေတိုင်းရင်းသား(၆)မျိုးအပြင် ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ကရင်၊ လီဆူ၊ အင်းသား စသည့် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြသည့် ပြည်နယ် တစ်ခုဖြစ်ပါသည်။ ၎င်းတို့အနက် ကယားတိုင်းရင်းသား တို့၏ ဘဝဖော်မွန်ရှာကြပုံနှင့် ထိမ်းမြားလက်ထပ်မှု အကြောင်းအား ပြုစုတင်ပြအပ်ပါသည်။

## လူပျို အပျိုလှည့်ခြင်း

ကယားတိုင်းရင်းသားတို့၏ ဘဝဖော်မွန် ရှာကြပုံနှင့်ထိမ်းမြားလက်ထပ်မှုကို ဆန်းစစ်ကြည့်လျှင်လည်း လူမှုရေး၊ စီးပွားရေးကိစ္စအဝဝနှင့် ရိုးရာဓလေ့ ဆက်နွယ်နေသည်ကို တွေ့ရပြန်သည်။ ကယား တိုင်းရင်းသားတို့မှာ တစ်လင်တစ်မယား စနစ်ဖြင့် သေတပန်၊ သက်တစ်ဆုံးပေါင်းသင်း နေထိုင်မည့်

အိမ်ထောင်စုတစ်ခုကို လိုလားကြသူများဖြစ်ကြကြောင်း၊ ရိုးရာဓလေ့အရ အိမ်ထောင်ဖက် ရွေးချယ်ခြင်းကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်။ ကယားအမျိုးသားငယ်၊ ကယားအမျိုးသမီးငယ်များ အရွယ်ရောက်ကြသည့် အချိန်မှစ၍ လွတ်လပ်စွာလူပျိုလှည့်ခွင့်၊ လွတ်လပ်စွာ ဘဝအဖော်မွန် ရွေးချယ်ခွင့် ပေးထားသည်။ အမျိုးသားငယ်၊ အမျိုးသမီးငယ်တို့မှာ လွတ်လပ်စွာတွေ့ဆုံစကား ပြောဆိုခွင့် ရကြသော်လည်း ရိုးရာဓလေ့အရ လက်မထပ်မီ ကျူးလွန်မှုကို ရပ်ရွာအနေဖြင့် လက်မခံကြပေ။ လူမှုရေးအရ စောင့်ထိန်းအပ်သည်တို့ကို စောင့်ထိန်းနိုင်ရန် ဘောင်ခတ်ပေးခြင်းပင်ဖြစ်ပါသည်။

## စေ့စပ်ကြောင်းလမ်းခြင်း

မိဘများသဘောတူ၍ လက်ထပ်ပေးကြသည်လည်းရှိ၏။ သို့သော် သားသမီးများ၏ သဘောထားမေးကြသေးသည်။ မည်သည့်နည်းဖြင့် ရွေးချယ်စေကာမူ ဆင်းရဲချမ်းသာကို ပဓာနမထားဘဲ အမျိုးသားဘက်မှ အကျင့်စာရိတ္တ ကောင်းမွန်၍ မိန်းမပီသသော အမျိုးသမီးငယ်ကို အလိုရှိသလို အမျိုးသမီးဘက်မှလည်း အကျင့်စရိတ္တကောင်းမွန် ရိုးသားဖြောင့်မတ်ပြီး လုံ့လဝီရိယရှိသောအမျိုးသားကို ရွေးချယ်လေ့ရှိသည်။ ဤအချက် များမှာ အိမ်ထောင်

သည်ဘဝနှင့် ကျင်လည်ကြရာတွင် တစ်ဦးနှင့်တစ်ဦး မေတ္တာစစ် မေတ္တာမှန်ဖြင့် သစ္စာရှိရှိနေထိုင်နိုင်ရေးနှင့် ချမ်းမြေ့ပြည့်စုံသည့် အိမ်ထောင်ကို ထူထောင်နိုင်ရေးတို့အတွက် အဓိကအထောက်အကူများဖြစ်ကြရာ လူမှုရေးအနေဖြင့် ကောင်းသော ဓလေ့တစ်ခုဖြစ်သည်ကို တွေ့ရှိနိုင်ပေသည်။

မင်္ဂလာဆောင်သည့်နေ့တွင်လည်း သတို့သားရော သတို့သမီးပါ အိမ်ထောင် တစ်သက်တာတွင် မိမိတို့လုပ်ဆောင်ကြမည့်လုပ်ငန်းကို စတင်လုပ်ဆောင်စေပြီး အိမ်ထောင်ရှင်ဘောင်သို့ သွတ်သွင်းပေးလိုက်ခြင်းမှာ နှစ်လိုဖွယ်ဓလေ့တစ်ခုပင်ဖြစ်ပါသည်။ စေ့စပ်ကြောင်းလမ်းမှု ပြေလည်လျှင် အမျိုးသားငယ်ဘက်မှ အမျိုးသမီးငယ်ဘက်သို့ လက်ဆောင်များကမ်းလှမ်းသော ရိုးရာဓလေ့ရှိသည်။ ဤကဲ့သို့လက်ဆောင်များ ကမ်းလှမ်းသော သတို့သားလောင်းဘက်မှ ပျက်ကွက်လျှင် ပေးထားသော လက်ဆောင်များအဆုံးရှုံးခံရပြီး သတို့သမီးလောင်းဘက်မှ ပျက်ကွက်လျှင်လည်း ယူထားသည့် လက်ဆောင်များ ပြန်ပေးရသည့်အပြင် မည်ရွေ့မည်မျှလျော်ပါမည် စသည်တို့ကိုလူကြီးများရှေ့မှောက်၌ ကတိပြုရသည်။ ဤသည်မှာ အမျိုးသားငယ် အမျိုးသမီးငယ်တို့၏ သိက္ခာကိုမထိခိုက်စေရန်အတွက် စေ့စပ်ကြောင်းလမ်းမှု

မပျက်ကွက်စေရန် ထိန်းချုပ်ပေးလိုက်သော ရိုးရာဓလေ့ပင်ဖြစ်ပါသည်။

## သတို့သား၊ သတို့သမီးရိုးရာဓလေ့နှင့် မိရိုးဖလာယုံကြည်မှု အစဉ်အလာများ

မင်္ဂလာဆောင်စဉ် သတို့သားရော၊ သတို့သမီးပါ အိမ်ထောင်တစ်သက်တာတွင် လုပ်ဆောင်ကြရမည့် လုပ်ငန်းများကို သရုပ်ပြလုပ်ဆောင်စေပြီး အိမ်ထောင်သည် ဘောင်သို့ သွတ်သွင်းလိုက်ခြင်းမှာ စီးပွားရေး၊ လူမှုရေးတို့အတွက် ကောင်းသော ဓလေ့ပင် ဖြစ်ပါသည်။ မင်္ဂလာဆောင်သည့်နေ့၌ သတို့သားသည် အိမ်ထောင်ဦးစီးအနေဖြင့် လုပ်ဆောင်ရမည့် လယ်ထွန်၊ ထယ်ထိုး၊ ရေခပ်စသည့် လုပ်ငန်းများကို သတို့သမီး မိဘအိမ်၌ စတင်လုပ်ဆောင်ရသလို သတို့သမီး ဘက်ကလည်း အိမ်ထောင်ရှင်မတို့၏ လုပ်ငန်းများကို သတို့သားမိဘအိမ်၌ စတင်လုပ်ကိုင်ပေးရသည်။ သတို့သားအိမ်ရှိ စပါးကျီထဲမှ စပါးအနည်းငယ်ယူ၍ ထောင်းရသည်။ ထိုညတွင် ခေါင်ရည်ထည့်ရန် ခေါင်ထမင်းတစ်အိုး ချက်ပေးရသည်။ သတို့သားက စတင်လယ်ထွန်၊ ထယ်ထိုးရာတွင် လူပျိုရံများက ဝိုင်းဝန်း ကူညီကြပြီး သတို့သမီးစပါးထောင်းရာတွင်လည်း အပျိုရံများက ဝိုင်းဝန်းကူညီ ထောင်းပေးကြပါသည်။ ဤရှုခင်းမှာ သစ်လွင်အိမ်ထောင်စု၏ ဘဝခရီးတစ်

လျှော်ကက် လယ်ထွန်၊ ထယ်ထိုးအစရှိသော လုပ်ငန်းများ အတွက် စုပေါင်းလုပ်အားလိုပါက ဆွေမျိုးမိတ်သင်္ဂဟ များက ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြမည့် အတိတ်ကို ဆောင်စေသည်။ ထို့အပြင် သတို့သားနှင့် သတို့သမီးတို့သည် အပျိုရံများ၊ လူပျိုရံများ လူကြီးများ နှင့်အတူ ရေတွင်း (သို့မဟုတ်) ရေကန် စသည်တို့ကို သွားရောက်၍ စတင်ရေခပ်ကြရသည်။ ရေအိုး တစ်ဝက်ပြည့်အောင် သတို့သမီးက ခပ်ထည့်ပြီးသော အခါ ရေအိုးပြည့်အောင် သတို့သားကဖြည့်ထည့်ပေး ရသည်။ ရေပြည့်သောအခါ သတို့သားက ရေအိုးကို မပေးပြီး သတို့သမီးက ပလိုင်းဖြင့်လွယ်ကာ အိမ်သို့ယူ လာရသည်။ ထင်းကိုလည်း တစ်ယောက် တစ်ချောင်း သုံးခြမ်းစီ ခွဲပြီးမီးဖိုမီးထည့်ကြရသည်။ ဤကဲ့သို့ ပြုလုပ်ရခြင်းမှာလည်း အိမ်ထောင်ရှင်ဘဝ၌ မောင်တစ်ထမ်း မယ်တစ်ရွက်၊ ဒိုးတူပေါင်းဖက် စီးပွားရေး လူမှုရေးတို့တွင် လုပ်ဆောင်ကြမည်ကို လက်တွေ့သွန်သင် ပြသပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

ဘဝတစ်သက်တာတွင် ဤအတိုင်းသာ အပေး အယူမျှတစွာ ဆက်ဆံနေထိုင်သွားပါက သာယာ စိုပြေသော အိမ်ထောင်စုတစ်ခုဖြစ်လာနိုင်ပြီး လက်တွဲမဖြုတ် သက်ဆုံးတိုင် ပေါင်းသင်းနေထိုင်သွားနိုင်စေရန် လမ်းကြောင်းပေးလိုက်သော ရိုးရာဓလေ့ ပင်ဖြစ်သည်။

ဇနီးမောင်နှံ သစ်လွင်နှစ်ဦးမှာ ရိုးရာဓလေ့က ခင်းပေးလိုက်သော လမ်းကြောင်းပေါ်တွင် ဖြောင့်ဖြောင့် တန်းတန်းလျှောက်သွားကြပါက ပျော်ရွှင်သာယာသော အိမ်ထောင်တစ်ခုကို ခိုင်မာကျစ်လျစ်သိပ်သည်းစွာ တည်ထောင်နိုင်ကြမည်ကို လူမှုရေးရှုထောင့်မှ မြင်နိုင်သည်။ သို့အတွက် မိရိုးဖလာယုံကြည်မှုအတွက် လိုက်နာပြုလုပ်ကြရသော ဓလေ့မှာ မိသားစုသာယာစိုပြေ၊ စီးပွားရေးတိုးတက်စေမှုနှင့် ဆက်နွှယ်နေသည်ကို တွေ့ရသည်။ လက်ထပ်ပြီး၍ ကွဲကွာခဲ့လျှင် မည်၍မည်မျှ လျော်ပေးရမည်ဟု ကတိစကား တောင်းဆိုသော ရိုးရာဓလေ့မှာလည်း လူမှုရေး၊ စီးပွားရေးတို့အရ နှစ်ဦးနှစ်ဖက် မနစ်နာစေရန်အတွက် ချုပ်ကိုင်ထားခြင်းပင်ဖြစ်ပါသည်။

## ကရင့်ဓလေ့ တေးသီပွဲ (သို့မဟုတ်) အောပွဲ

အရှေ့ပိုးကရင်များ အမြတ်တနိုး ထိန်းသိမ်း မြှင့်တင်သော ရိုးရာဓလေ့များအနက် အောပွဲ (ခေါ်) တေးသီချင်းသီဆိုပွဲသည် တစ်ရပ်အပါအဝင်ဖြစ်သည်။ ကရင်လူမျိုးတို့၏ နှုတ်မှုသီချင်း သီဆိုရာတွင် အောပွဲသည် ရှေးအကျဆုံးဖြစ်သည်။

အောပွဲကို အရှေ့ပိုးကရင် စကားဖြင့် 'ဆအိုင်လောင်' ဟူ၍ ခေါ်ကြသည်။ အချို့ဒေသတွင် 'ထာခိုးပွယ်' ဟူ၍လည်း ခေါ်ကြသည်။

ကရင့်အခေါ် 'ဆအိုင်လောင်' သည် လက်ဖွေ့ရေးပြခြင်း ဟူ၍ အဓိပ္ပါယ်ရသည်။ တစ်နည်းမှာ ကိုယ်ကာယ ကြွံခိုင်မှုကို အလှုပြခြင်း ဟူ၍လည်း မှတ်ယူနိုင်သည်။ 'ထာခိုးပွယ်' သည် တေးသီဆိုပွဲဟု အဓိပ္ပါယ်ရသည်။

အောပွဲသည် ကရင်လူမျိုးတို့၏ အပျိုလူပျိုပွဲဖြစ်သည်။ အပျိုလူပျိုများ မိတ်ဆက်ခြင်း၊ အချင်းချင်း ရင်းနှီးမှု ရှိစေခြင်းကို အကြောင်းပြု၍ ကျင်းပကြသည်။ ထို့ကြောင့် အပျိုလူပျို မစစ်သူများ၊

တစ်ခုလပ်၊ မုဆိုးဖိုများ၊ မုဆိုးမများ ပါဝင်သီဆိုခွင့် မရှိရချေ။ အချို့ဒေသများတွင် အပျိုလူပျိုပင် ဖြစ်သော်လည်း လူမှုရေး အမည်ပျက်ရှိဖူး ပါက ပါဝင်ခွင့်မပြုကြချေ။

အောပွဲ ကျင်းပရာတွင် ညအခါ၌သာ ကျင်းပ ကြသည်။ ကျင်းပရာတွင်လည်း တစ်ညသာ ဖြစ်သည်။ အောပွဲကျင်းပရာတွင် သာရေးနာရေးပွဲ၊ အလှူပွဲ၊ ရှင်ပြုပွဲ၊ မည်သည့်ပွဲမဆို ကျင်းပ၍ ရနိုင် သည်။

ရှေးကရင်လူမျိုးတို့၏ လူနေမှုစနစ်တွင် တစ်ဦးတစ်ယောက် သေဆုံးလျှင် (ဆံုဆော့ကျင်) ခေါ် လိပ်ပြာတင်းကုတ်ကို ဆောက်ရသည်။ ညအခါတွင် အပျိုလူပျိုများ ရောက်ရှိလာကြပြီး လိပ်ပြာတင်းကုတ် တိုင်ကို ပတ်၍ သီချင်း၊ လင်္ကာများကို ဆိုကြသည်။

ထိုသို့ ဆိုကြရာတွင် လုလင်ပျိုတို့ကတစ်ဖက်၊ လုံမေပျိုတို့ကတစ်ဖက် အမေးအဖြေ သီချင်းဖြင့် သီကုံး၍ သီဆိုကြသည်။ တစ်ဖက်နှင့် တစ်ဖက် တေးပြိုင်သော သဘောဖြင့် လင်္ကာ၊ ကဗျာ၊ စကားထာများကို သီချင်းဖွဲ့၍ ဆိုကြသည်။ ထိုမှ

တေးသီပွဲ (သို့မဟုတ်) အောပွဲသည် အစပြုခဲ့သည်ဟု ဆိုကြသည်။

သမိုင်းအရ ကရင်လူမျိုးများ အရှေ့တရုတ်ပြည် ယန်စီမြစ်အနီး တောတောင်များတွင် အခြေချ နေထိုင်ခဲ့စဉ်က တောင်ယာကိုအဓိက လုပ်ကိုင်စား သောက်ကြသည်။ တောင်ယာစပါးကို ရိတ်သိမ်း၍ တလင်းများတွင် စပါးများကို ခြွေချသည့်အခါ ညီညာကခုန်၍ တေးကဗျာများကို သီဆိုကြသည်။ ထိုသို့ သီဆိုရာမှ နောင်အခါ တေးသီပွဲ (သို့မဟုတ်) အောပွဲ တည်ရှိလာကြောင်း ဆိုစမှတ်ပြုကြသည်။

ရှေးအခါက ကျေးလက်ဒေသများတွင် ဓာတ်မီး များ၊ လျှပ်စစ်မီးများ မထွန်းညှိ နိုင်သေး၍ ညအခါ အောပွဲကျင်းပရာတွင် မီးတုတ်၊ မီးတိုင်များထွန်းခြင်း၊ မီးဖိုခြင်းဖြင့် အလင်းရောင်ရအောင် ပြုလုပ်ယူကြ သည်။ အောပွဲကျင်းပနိုင်ရေးအတွက် ကျင်းပမည့် ရွာခံအပျိုလူပျိုတို့က ထင်းချောင်းများ၊ မီးတိုင်များကို ကြိုတင် စုဆောင်းထားကြရသည်။

အောပွဲကျင်းပမည့် ရွာသည် အခြားရွာနီး ချုပ်စပ်မှ အပျိုလူပျိုများထံသို့ ကြိုတင် အကြောင်း ကြားရသည်။ အကြောင်းကြားရာတွင် ဖိတ်ကြားသည့်

သဘောဖြင့် ‘ခွိုက်လားဖာဘွန်း’ ခေါ် လက်ဖက်ထုပ် ကမ်းခြင်းဟု ဆိုအပ်သော ကွမ်းယာထုပ်များကို ပေးပို့ ကမ်းလှမ်းရလေသည်။ အခြားရွာမှ အပျိုလူပျိုများသည် ကွမ်းယာထုပ် ရရှိလျှင် အောပွဲရှိကြောင်း သိရှိကြလေ သည်။ ခွိုက်လားဖာဘွန်း ခေါ် လက်ဖက်ထုပ် ကမ်းရာတွင် ပစ္စည်းအရာဝတ္ထုတို့ဖြင့် သင်္ကေတ ပြုကြသည်။

-မီးသွေးခဲကို ထုပ်၍ ဖိတ်ကြားလျှင် မဖြစ် ဖြစ်အောင် လာရောက်ရန် ဆိုလိုသည်။ (မီးသွေးခဲသည် ကရင့်အခေါ် ‘သွားထွန်’ ဖြစ်သည်။ ‘ထွန်’ ဟူသော အသံထွက်ကို ယူ၍ ‘ဂဲလာအေးထွန်’ ရောက်အောင် လာပါ ဆိုလိုခြင်း ဖြစ်သည်။)

- ဆေးရွက်ကို ထုပ်၍ ဖိတ်ကြားလျှင် အုတ်အုတ်ကျွတ်ကျွတ် လာနိုင်ကြောင်း ဆိုလိုသည်။ (ဆေးရွက်သည် ကရင့်အခေါ် ‘ယာ့သောက်’ ဖြစ်သည်။ ‘သောက်’ ကို ယူ၍ ‘ဂဲလာအေးသောက်’ အုတ်အုတ် ကျွတ်ကျွတ် လာပါ ဆိုလိုခြင်း ဖြစ်သည်။)

- ထုံးကို ထုပ်၍ ပို့လျှင် အောပွဲတွင် လက်ဖွဲ့ရေး ပြနိုင်ကြောင်း ဆိုလိုသည်။ ထုံးသည် လက်ဖွဲ့ထိုးခြင်း 'ပွယ်မစ်' တွင် ထုံးကွင်း၊ ထုံးမန်း အသုံးပြုတတ်ခြင်းကို ရည်ရွယ်ခြင်း ဖြစ်သည်။

- ငရုတ်သီးကို ထုပ်၍ ပို့လျှင် အမြန် လာရောက်ရန် ဖိတ်ခေါ်သည့် သဘော ဖြစ်သည်။ ငရုတ်သီးသည် ကရင့်အခေါ် 'ဆဂဲသား' ဖြစ်သည်။ ငရုတ်သီး သဘောသည် ပူစပ်ပူလောင် ဖြစ်ပြီး စားလျှင် ချွေးများ စို့တတ်လာ၍ ချွေး တစို့စို့နှင့် အလျင်အမြန် လာရန် သဘော ဖြစ်သည်။

- မရမ်းရွက်ကို ထုပ်၍ ပို့လျှင် အေးအေး ချမ်းချမ်း ညီညီညွတ်ညွတ် လာရန် သဘော ဖြစ်သည်။ (မရမ်းရွက်သည် ကရင့်အခေါ် 'ဟောင်လား' ဖြစ်သည်။ ဟောင်၏ သဘောမှာ 'ဟူ့ဟောင်' ညီညွတ်ခြင်း ဖြစ်၏။)

- ဖွဲ့နု ထုပ်၍ ပို့လျှင် အောပွဲသို့ ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်ရန် ဖြစ်သည်။ (ဖွဲ့နုသည် ကရင့်အခေါ် 'ဖိမောက်' ဖြစ်သည်။ 'မောက်' သည် ပျော်ရွှင်ခြင်း၊ ချမ်းမြေ့ခြင်း အဓိပ္ပါယ် သက်ရောက်သည်။)

-သရက်ရွက်ကို ထုပ်ပိုး၍ ဖိတ်ကြားလျှင် အောပွဲတွင် စောင့်နေသည် ဆိုလိုသည်။ (သရက်ရွက်သည် ကရင့်အခေါ် 'ခိုလား' ဖြစ်သည်။'ခိုလား'အဓိပ္ပါယ်သည် စောင့်မျှော်နေသည့် သဘောဖြစ်သည်။)

ရှေးက အောပွဲ ကျင်းပရာတွင် ကွင်းအလယ်၌ ထင်းများ စုပုံပြီး မီးလင်းဖိုကြီးများ ဖိုထားလေသည်။ မီးလင်းဖိုနှင့် ခပ်လှမ်းလှမ်း တစ်နေရာတွင် နှဲ၊ လင်းကွင်း၊ ပတ်မ၊ ပုံများနှင့် တီးမှုတ်ပေးလေသည်။ အမျိုးသမီးပျိုများသည် အမျိုးသားလူပျိုများကို ငံ့လင့်နေသည့်သဘောဖြင့် မီးပုံဘေးတွင် တန်းစီ၍ နှစ်ယောက် တစ်တွဲ၊ အချို့ သုံးယောက်တစ်တွဲ ထိုင်နေကြသည်။

လူပျိုကာလသားများကဆိုင်းချက်ညီညီနှင့်အင်္ကျီချွတ် ခတောင်းကျိုက်ပြီး တစ်ယောက်ပြီးတစ်ယောက် လက်ဖွေ့ရေး ဝင်ရောက်ပြကြသည်။

ရပ်ဝေးမှ အပျိုလူပျိုများ အောပွဲကျင်းပရာသို့ ရောက်ရှိသည့်အခါ ချက်ချင်း မဝင်ရောက်သေးပဲ အပြင်တွင် ကိုယ့်အုပ်စုနှင့် ကိုယ်ရပ်စောင့်နေကြသည်။ ရွာခံ အပျို လူပျို တို့က ထွက်ကြိုပြီး အမျိုးသမီးပျိုများက ရွာခံအပျိုများနှင့်အတူ မီးအလင်းရောင် ရှိရာသို့ သွားရောက်၍ စီတန်းထိုင်ကြသည်။ လူပျိုကာလသားတို့ကိုလည်း ရွာခံကာလသားများသွားရောက် ခေါ်ဆောင်လာပြီး လက်ဖွေ့ရေး ဝင်ရောက်ပြကြသည်။

လက်ဖွေ့ရေး ဝင်ရောက်မပြဝံ့သူများကို ပြောင်လှောင်သည့်သဘောဖြင့် လက်ဖွေ့ရေး ပြသူများနောက်မှ လုံချည်၊ အင်္ကျီဝတ်ထားသော လူငယ်တစ်ယောက်က လူတကာ၏ အင်္ကျီ၊ လုံချည်ထုပ်ကို ထမ်းပိုးကာ ခပ်နွဲ့နွဲ့ မိန်းမရှာဆန်ဆန် ရယ်ရွှင်ဖွယ်သဘောဖြင့် လျှောက်ပြသည်။ ထိုအခါ မြင်ရသူတို့က တဟေးဟေး၊ တဝါးဝါး လှောင်ပြောင်ရယ်မောကြသည်။

ရှေးကရင် အမျိုးသားများ၊ ဆေးမင်ကြောင်များ၊ ထိုးကွင်းများကိုမထိုးမဖြစ် ထိုးကြခြင်းမှာ ယောက်ျား ဖြစ်ကြောင်း၊ ယောက်ျားပီသကြောင်း ရည်ရွယ်ခြင်း တို့အပြင် အောပွဲလက်ဖွဲ့ရေး ပြရာတွင်လည်း ကိုယ်ခန္ဓာတွင် ပွေး၊ ညှင်း၊ ဝဲများ ပေါက်ပါက



ထင်ရှားစွာ မမြင်နိုင်အောင် ကာကွယ်မှုတစ်ရပ် အဖြစ်လည်း ဆေးမင်ကြောင် ထိုးကွင်း ထိုးသူများ ရှိသည်ဆို၏။

ကိုယ်ခန္ဓာ ကြံ့ခိုင်၍ ယောကျ်ားပီသသော်လည်း အောပွဲတွင် လက်ဝှေ့ရေး ဝင်ပြခွင့် မရှိသူများလည်း ရှိတတ်သည်။ထိုသူတို့မှာ အချို့က ရည်းစား ထားရှိပြီး တကယ်တမ်း လက်ထပ်ရန် လူသိရှင်ကြား ကြေညာ ထားသူများ၊ အချို့မှာ ရည်းစားက တကယ်တမ်း လက်ထပ်မည် ကတိပြုပြီး ချစ်သူရည်းစားထံမှ ကတိ သစ္စာအဖြစ် စောင်ဖြူလက်ဆောင် ရထားပြီးဖြစ် သော်လည်း ရည်းစားက အခြားတစ်ဦးနှင့် လက်ထပ် သွားသူများဖြစ်သည်။ ချစ်သူဆုံးရှုံးသူများ လက်ဝှေ့ရေး ဝင်ပြပါက (ဖလုံမူးနောင်မိုက်ကာ) ချစ်သူကစွန့်ပစ် ထားသူ ဟူ၍ ဝိုင်းဝန်းလှောင်ပြောင်ကြသည်။

ဤသည်ကို မခံမရပ်နိုင်သူ လူပျိုအချို့က တစ်ချိန်က ချစ်သူပေးထားသော စောင်ဖြူကို အပျိုစင် များရှေ့တွင် မီးပုံထဲ ထည့်ပြီး မီးရှို့လိုက်သည်။ ထိုသို့ ပြုခြင်းမှာ မိမိမှာ ရည်းစား မရှိတော့ပဲ လူပျိုအဖြစ် ရှိနေကြောင်း ကြေညာသောသဘောဖြစ်သည်။

(မှတ်ချက်။ ရှေးကရင် လူပျိုအပျိုများသည် ချစ်သူဘဝအဖြစ် သုံးနှစ်သုံးမိုး အချိန်ယူပြီးမှ လက်ထပ်လေ့ရှိသည်။ လက်ထပ်မည့်အရေးကို နှစ်ဦးသဘောတူသည့်အခါ စောင်ဖြူကိုသစ္စာကတိအဖြစ် အချင်းချင်းလက်ဆောင်လဲလှယ်ထားလေ့ ရှိသည်။)

စင်စစ်အားဖြင့် အောပွဲတွင် လက်ဝှေ့ရေးပြခြင်းမှာ အောပွဲ၏ နိဒါန်းအစပျိုးခြင်း ဖြစ်သည်။ ယောက်ျားတို့၏ ကိုယ်ခန္ဓာ ကြံ့ခိုင်ပြည့်ဖြိုး၍ တင့်တယ်ခြင်း၊ ကျန်းမာသန်စွမ်းခြင်းကို ပြသခြင်းဖြစ်သည်။ လူပျိုတို့၏ တင့်တယ်ကျန်းမာသန်စွမ်းခြင်းကို အပျိုစင်တို့က ကြည့်ရှုမှတ်သားထားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ တစ်နည်းမှာ လူပျိုကာလသားများကို အမျိုးသမီးများက အကဲခတ်ခွင့် ပေးထားခြင်းဖြစ်၏။

လက်ဝှေ့ရေးပြ၍ ပြီးလျှင် အပျိုစင်များ ချောမချော လှမလှကို လူပျိုတို့က ကြည့်ရှုအကဲခတ်ခွင့် အလှည့်ရောက်လာသည်။ ထိုအခါ မိမိတို့အဝတ်အစားကို သပ်သပ်ယပ်ယပ် ဖြန့်ဝတ်ပြီး တန်းစီထိုင်နေသောအပျိုစင်များရှေ့တွင် နှစ်ယောက်တစ်တွဲ၊

သုံးယောက် တစ်တွဲ စသည်ဖြင့် လူးလာလျှောက်၍ ကြည့်ရှုလေသည်။

ထိုသို့ ခေါက်တုန့်ခေါက်ပြန် တွဲလျှောက်ပြီး မိမိသဘောကျသောအတွဲ (သို့မဟုတ်) ဧည့်သည် အမျိုးသမီးပျိုတွဲရှေ့တွင် ထိုင်ချပြီး မိတ်ဆက်စကား ဆိုလေသည်။ မိတ်ဆက် စကားဆိုရာတွင် အမျိုးသမီး အမည်၊ နေရပ်များကို မေးမြန်းခြင်း၊ မိမိအမည် နေရပ်ကို ပြောဆိုဖြေကြားခြင်းကို ပြုကြသည်။ ကရင့်အခေါ်အားဖြင့် "ခလိုင်ကွေ" မိတ်ဆက် စကား ဆိုခြင်း၊ အောပွဲတွဲရန် စကားဦးသန်းခြင်းဖြစ်သည်။

"ခလိုင်ကွေ" ခေါ် မိတ်ဆက်စကား ဆိုခြင်းကို တစ်နေရာပြီး တစ်နေရာ ထိုင်ချ မိတ်ဆက်ရာတွင် ရိုးရိုးစကားဖြင့် ဆိုခြင်းရှိသလို စကားထာ၊ တေးလင်္ကာ တို့ဖြင့် ကျွမ်းကျင်သလို ထေ့ခြင်း၊ ငေါ့ခြင်း လည်းရှိပေ သည်။ အချို့သော အမျိုးသမီးပျိုတို့သည် တေးကဗျာ၊ လင်္ကာကျွမ်းကျင်၍ နှုတ်သွက်၊ ရုပ်ရည်လည်း တင့်တယ်လျက်ရှိရာ ထိုအတွဲရှေ့သည် လူပျိုကာလသား များ မစဲနိုင်ရှိတတ်သည်။ စင်စစ် "ခလိုင်ကွေ" ကို တေးကဗျာ၊ လင်္ကာကျွမ်းကျင်ခြင်း၏ နှုတ်ရေး ယှဉ်ပြိုင်ခြင်းပင်ဟု ယူဆရပေမည်။



"ခလိုင်ကွေ" ခေါ် မိတ်ဆက်စကား ဆိုရာတွင် အချိန်အားဖြင့် ညဆယ်နာရီခန့်အထိ ခွင့်ပြုလေ့ရှိသည်။ ထိုအချိန်ရောက်လျှင် ရွာခံလူပျိုကာလသားတို့က အောပွဲ စတင်ရန် အချိန်တန်ပြီဖြစ်၍ မိတ်ဆက်စကားဆိုခြင်းကို ရပ်ဆိုင်းရန် တေးသီချင်းဆို၍ အချက်ပေးလေသည်။

(မှတ်ချက်။ တေးသီချင်း ဆိုရာတွင် မျက်နှာကို မမြင်စေရန် စောင်၊ မျက်နှာသုတ်ပုဝါ၊ လက်ကိုင်ပုဝါကို အသုံးပြု၍ ကာထားကြလေသည်။)

ဟေး - ယှား ဖာဒွတ် - လောင်နောက်ခွိုက်ဝေ

ဗလယ်ဒိုက်ယား၊ လော်နီး လောက်ကွေ။

အချိန်အားဖြင့် သောကြာကြယ်ကြီးပင် အနောက် ကျွန်းသို့ ယွန်းရှာလေပြီ။ ဤမျှ အချိန်အထိ မိတ်ဆက်စကားဆိုမှုကို ရပ်ဆိုင်းရန် တန်လှပေသည် ဟူ၍ ဖြစ်သည်။

ထိုသို့ ရွာခံလူပျိုများက တစ်တွဲပြီး တစ်တွဲ၊ တစ်ကျော့ပြီး တစ်ကျော့ သတိပေး တေးသီချင်းဖြင့် သတိပေးအချက်ပြခြင်းပြုကြပြီး အောပွဲစတင်ရန် ထပ်မံ တိုက်တွန်းပြန်လေသည်။ လူပျိုများသည်

နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် ကိုယ့်အတွဲ နှင့်ကိုယ် မိမိကြိုက်နှစ်သက်သော ပျိုမေများရှေ့ ကိုးတောင်ကွာ၊ ဆယ်တောင်ကွာတွင် မတ်တပ်ရပ်ပြီး ပုဝါဖြူ (သို့မဟုတ်) စောင်ဖြူ၊ လက်ကိုင်ပုဝါတို့ကို လက်တစ်ဖက်စီ ကိုင်ထားလျက် မျက်နှာကို ကွယ်ထားပြီး တေးသီချင်းဖြင့်ဆက်သွယ် ကျူးရင့်လာကြသည်။

(မှတ်ချက်။ ကရင်အောပွဲတွင် အများအားဖြင့် နှစ်ယောက်တွဲသာ များသည်။ အချို့က လူပျိုငယ်၊ အပျိုပေါက်စကလေးတို့ကို လက်ထပ်သင်ကြား ပေးသည့်သဘောဖြင့် ညှပ်၍ သုံးယောက်တွဲခြင်းလည်း ရှိ၏။)

ဟေး - လိုက်သိတ် ဖိုးယူဆ ဖိုးဖောင့်၊

အောင်းဟူးသိန်း၊ ထိုင်မာဆွန်းလောင်။

သိန်းငှက်ကလေးဟာ ကောင်းကင်ဝေယံတွင် ပျံဝဲလျက် ရှိနေပါသည်။ သိန်းငှက်ကလေး ခိုနားလို၍ သစ်ကိုင်းကို ရှာနေပါသည် ဟူသော အဓိပ္ပါယ်ဖြင့် သီချင်း သီဆိုလေသည်။



ပျိုမေအတွဲတို့က မိမိတို့ ကြိုက်နှစ်သက်သော မောင်လူပျိုတို့အတွက် ရွေးချယ်ပြီး သိန်းငှက်ကလေး လာရောက်ခိုနားနိုင်ကြောင်း တေးသီချင်းဖြင့် တံ့ပြန် ဖိတ်ခေါ် လေသည်။ မိမိတို့ ကြိုက်နှစ်သက်ခြင်း မရှိသော လူပျိုမောင်အတွဲ ဖြစ်ပါက ဖိတ်ခေါ်ခြင်း မပြုပဲ နေလိုက်ကြသည်။

အချို့သော ဒေသများတွင် လူပျိုအတွဲနှင့် အပျို အတွဲတို့မဝံ့မရဲ အချိတ်အဆက်မမိ ဖြစ်နေတတ်ခြင်းကို ရွာခံကာလသားတို့က အောင်သွယ်သဘောဖြင့် ဝင်ရောက် ဆက်သွယ် တွဲပေးခြင်းလည်း ရှိကြသည်။ ထိုအခါမျိုးတွင် အများအားဖြင့် ရွာခံအပျို လူပျိုတို့က အောပွဲဖြစ်မြောက်စေရန်နှင့် ပို၍စည်ကားစေရန် ညှော်သည်များ ကြိုက်နှစ်သက်သလို အောပွဲအတွဲခံ ကြသည်။

အောပွဲသည် အပျိုနှစ်ယောက်တွဲ လူပျို နှစ်ယောက်တွဲတို့ဖြင့် အမေးအဖြေ တေးသီချင်းများ ဒွိယံဒွိယံ သီဆိုနေရခြင်းဖြစ်၍ လွယ်ကူသည့် သဘော ရှိသည်။ အောပွဲသည် ယောကျ်ားများ၏ ကာယဗလ၊ ဉာဏဗလ၊ သတ္တိ ဗျတ္တိပြည့်စုံခြင်းကို ရွေးချယ်စိစစ်၍

နူတ်မှု၊ ဉာဏ်ပညာ စမ်းသည့်ပွဲမျိုး ဖြစ်သည် ဆိုကလည်း မမှားနိုင်ချေ။

ယောကျ်ား လူပျိုမောင်တို့၏ ကာယဖွံ့ထွားကြံ့ခိုင်မှု၊ ရောဂါ ကင်းရှင်းမှုကို လက်ဝှေ့ရေးပြစဉ်က မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ သို့ရာတွင် တေးသီချင်း၊ လင်္ကာ၊ အတွေးအခေါ်၊ ဉာဏ်ပညာ ပြည့်ဝခြင်း ရှိမရှိကို သိရှိနိုင်ရန် တေးကဗျာ၊ လင်္ကာဖြစ်သော တေးသီချင်း သီကုံးစပ်ဆိုခြင်းဖြင့် လူပျိုမောင်တို့အား အရည်အသွေးကို စမ်းသပ်ပြန်သည်။ အောပွဲမှ အစပြု၍ ယောကျ်ားတို့၏ ကာယစွမ်းရည်၊ ဉာဏ်စွမ်းအား ပြည့်စုံမှုတို့ကို စိစစ်ပြီး ဘဝကြင်ဖော်အဖြစ် ရွေးချယ် ဖြစ်သွားကြသူ အများအပြား ရှိလေသည်။

တေးသီချင်း သီဆိုရန် အစတွင် အချင်းချင်း အမည်၊ နေရပ် စသည်များကို တေးသီချင်းဖြင့် အပြန်အလှန် သီဆိုမေးမြန်းကြသည်။ ထိုအချိန်တွင် ရွာခံ ကာလသား၊ ကာလသမီးတို့က ဆေးလိပ်၊ ကွမ်း၊ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထုပ်တို့ဖြင့် ထိုင်နေသောအတွဲများရှေ့တွင်ချပြီး ဧည့်ခံကျွေးမွေးကြသည်။

တစ်ဖက်နှင့်တစ်ဖက် နေရပ်များ မေးမြန်းပြီး၍ သိရှိကြပြီးသောအခါ သံသရာတွင် ဘဝကြင်ဖော်အဖြစ် ခရီးဆက်ရန် ဆုံးဖြတ်ခြင်း ဟုတ်မဟုတ်၊ သီချင်းဖြင့် မေးမြန်းပြီး နှစ်ဦးနှစ်ဖက် သစ္စာကတိအဖြစ် ပစ္စည်းချင်းဖလှယ်ကြသည်။ ကရင့်အခေါ် "အောင်လယ်သောက်ကြာ" ဖြစ်၏။

အောပွဲသဘောသည် တစ်ညတာ မောင်မယ် စုံတွဲ ဘဝချင်း သစ္စာနှံသည့် သဘော ဖြစ်၍ ဖလှယ်သော ပစ္စည်းများကို နံနက်မိုးလင်းသောအခါ ပြန်ပေးကြရသည်။ သစ္စာချင်း ပစ္စည်းဖလှယ်ရာတွင် အချို့က လက်ဝတ်လက်စား ရွှေငွေရတနာများပင် ပေးကြသည်။ အချို့က လက်ကိုင်ပုဝါ၊ စောင် စသည်ဖြင့် လဲလှယ်ကြသည်။ လဲလှယ်သော ပစ္စည်းများ ပြန်မပေးခြင်းကား မရှိဖူးပါချေ။

ကတိသစ္စာထားပြီး ပစ္စည်းချင်း လက်ဆောင် ဖလှယ်ပြီးသောအခါ တေးသီချင်းကို သီဆိုကြတော့မည်ဖြစ်ရာ မည်သည့် တေးသီချင်းမျိုးကို သီဆိုလိုသည်ကို အချင်းချင်း တေးသီချင်းဖြင့် မေးမြန်းကြလေသည်။ အမေးခံရသူကလည်း တေးသီချင်းဖြင့် ပြန်၍ အဖြေပေးလေသည်။

ကရင်အောပွဲ တေးသီချင်းသည် ယေဘုယျ အားဖြင့် အမျိုးအစားလေးမျိုးရှိ၏။ ထိုလေးမျိုး အနက် သဘောတူသလို ရွေးချယ် သီဆိုနိုင်သည်။

(၁) **ထာခိုးဖော့ဒွတ် (ခေါ်) ရှေးသီချင်းကြီးများ၊ ဇာတ်နိပါတ်တော်များ** (ယင်းသီချင်းသည် နှစ်ကျော့ သီဆိုရသော သီချင်း ဖြစ်သည်)

- ဗုဒ္ဓမြတ်ရှင် ဘုရားသခင် တောမထွက်မီက ယသော်ဓရာ မိဖုရားနှင့် မည်သည့်အသက် အရွယ်တွင် လက်ဆက်ခဲ့သနည်း။

- ဗောဓိအရှင် တရားဓမ္မသခင်သည် ဆယ့်ခြောက်နှစ်ရွယ် လုလင်ငယ်တွင် လက်ဆက်ခဲ့ပါ၏။

(၂) **ရုန်းထာခွတ် (ခေါ်) အမေးအဖြေ စကားထာ၊ ပညာစွမ်းပြ သီချင်း** ( ယင်းသီချင်းသည် အများအားဖြင့် ပျိုမေတို့ ရှေးဦးစွာ မေးရသော နှစ်ကျော့ သီချင်း ဖြစ်သည်)

- ကမ္ဘာကြီး ပျက်ရန် ဖန်လာတဲ့အခါ နေ ဘယ်နှစ်စင်း ထွက်ပေါ်လာသလဲ။

- ကပ်ကမ္ဘာကြီးပျက်ရန် သူရိယာနေမင်း ခုနစ်စင်း ထွက်လာပြီး သုန္ဒရီမြေကြီး ရေအတိ ပြောင်းလဲသွားလေသည်။

(၃) **ထာခွတ်ယွဲ (ခေါ်) မောင်မယ်ဘွဲ့၊ လွမ်းချင်း၊ တမ်းချင်း သီချင်း** (ထာခွတ်ယွဲကို နှစ်ကျော့ သီဆိုရသည်။ ယင်းသီချင်းတွင် ယွဲဖာဒိုး (ခေါ်) ယွဲကြီးနှင့် ယွဲဖိုး (ခေါ်) ယွဲလေး နှစ်မျိုး နှစ်စား ရှိ၏)

- ညဥ့်နက်သန်းခေါင် အချိန်မှာ ညီမကို နှိုးခေါ်တဲ့အခါမှာ ဂမုန်းအင်ပန်းရနံ့က သင်းကြိုင် လှိုင်နေတယ်၊ တကြော်ကြော် ဟစ်ကျူး၍ အစ်ကိုက ခေါ်နေသော်လည်း ဘယ်အခါမှ ခွန်းတုန့်သံ မပေးပါချေ။ (ယွဲလေး သီချင်း)

- နေမင်းသည် အနောက်ဂေါယာသို့ ယွန်းလုချေပြီ၊ သာယာသော ညနေဆည်းဆာတွင် ကြည်နူးဖွယ်ရာ လွမ်းစေတီများ မြင်ရပေ၏။ သာယာ လှသော ရှုခင်းအလှအပကြောင့် ဝေးစွာကွေကွင်း ရသော ချစ်ညီမငယ် ဘယ်ဆီ ဘယ်ဝယ် ရောက်နေ၍ မမှန်းဆနိုင် ဖြစ်ရသည်။ ဆည်းဆာချိန် ကရဝိက်၊ ကြိုးကြာမောင်နှံတို့၏ တွန်ကျူး မြည်ကြွေးသော

အသံကို ကြားရပြန်တော့ ချစ်နှမငယ်အား အတိုင်းမသိ လွမ်းဆွတ်နေရ ပါတယ်လေ။ (ယွဲကြီး သီချင်း)

(၄) **ပဝ်လိုဏင့် (ပေါ်လနောင့်) အပျော်တမ်းဘမ်းသီချင်း** (ယင်းသီချင်းသည်လည်း နှစ်ကျော့သာ ဆိုရသည်)

- မောင်ကြီးနောက်ကို ချစ်နှမ လိုက်ပါ လိုသော ဆန္ဒကြောင့် ရှေ့နောက် ထမ်းပိုးရန် ဆိုင်းထမ်းများကို အသင့် လုပ်ထားပါတယ်.

-ညီမရှေ့မှာတော့ နားကို သကာချပြီး နောက်ကွယ်မှာတော့ စလောင်း ထမင်း မနပ်သလို ဖြစ်မှာ စိုးကြောက်လှပါတယ်။

မျက်မှောက်တွင် အောပွဲတေးသီချင်း သီဆိုသူတို့က သီချင်းကြီး၊ ဇာတ်ထုပ် သီချင်း၊ ဇာတ်တော်သီချင်းများကို သီဆိုနိုင်သူများ မရှိလှတော့ချေ။ တောတောင်ဘွဲ့၊ မောင်မယ်ဘွဲ့ တေးသီချင်းများကိုသာ သီဆိုနိုင်ကြတော့သည်။ သီချင်းကြီးပေါ် (ထာခွတ်ဖာဒွတ်) မှာ ပျောက်ကွယ်လုမတတ် ရှိနေပြီ။

သီချင်းကြီးများ ဆိုလျှင် အမေးအဖြေ တိကျမှန်ကန်ရပေသည်။ ထွင်၍ ဆိုခြင်း၊ ရမ်းသမ်း

ဖြီးဖြန်းခြင်း မရချေ။ အချို့က အမေးသီချင်းကို မဖြေနိုင်ပါက အနီးအနားတွင်လာရောက် နားထောင်နေသော တတ်မြောက်သူတို့က ကူ၍ ပြောပြ သင်ပေးကြသည်။ သီချင်းကြီး သီဆိုသောပွဲတို့တွင် ပရိသတ်များ၊ အဘိုးအဘွားများမှာ စည်စည်ကားကား လာရောက်နားထောင်တတ်ကြသည်။ အချို့ သီချင်းကြီးကျွမ်းကျင် သူတို့က ဘေးနားက ကူသင်ပြခြင်းကို လက်မခံတမ်း ဆုံးဖြတ်ပြီး သူနိုင်ကိုယ်နိုင်သီဆိုကြလေသည်။

ထိုအခါမျိုးတွင် ကရင့်အောပွဲမှာ လူပျိုအပျိုများ မိတ်ဆက်ခြင်း၊ ချစ်ရေးဆို ဖူးစာရွေးခြင်းအသွင် မဆောင်တော့ချေ။ ကဗျာ၊ လင်္ကာ၊ တေးသီချင်း တတ်ကျွမ်းမှု နှုတ်မှု ပြိုင်ခြင်းသို့ ကူးသွားလေသည်။ အချို့ပွဲမှာ မိုးစင်စင်လင်းသော်လည်း အရှုံးအနိုင်မပေးကြ၍ ယိုင်ပတ်ကာပြီး သီဆိုနေကြသည်။ ထိုသို့ သီဆိုနိုင်သူတို့အား ပွဲဒကာများ၊ လူကြီးများက အလံစိုက်၍ ဆုများ ချီးမြှင့်လေသည်။

အချို့က သီချင်းကြီးကို သီဆိုရာမှ အမေး အထောက် သီချင်းများကို ချက်ချင်း မဖြေနိုင်ပဲ စဉ်းစားနေ၍ အချိန်ကြာလွန်းသည့်အခါ အမေး

သမားတို့က ကြားတွင် အထေ့အငေါ့ ကဲ့ရဲ့သီချင်းများဖြင့် တိုက်ကွက်ဆင်တော့သည်။ ကဲ့ရဲ့ ထေ့ငေါ့ခံရသူအဖို့ လူပုံအလယ်တွင် မျက်နှာငယ်ရတတ်သည်။ မျက်နှာ မဖော်ဝံ့တော့ချေ။ လာရောက်နားထောင်သော ပရိသတ်တို့ကလည်း တဝါးဝါးရယ်မောကြတော့သည်။

သို့ကြောင့် သာမန်သီချင်း တတ်ကျွမ်းရုံမျှဖြင့်သီချင်းကြီးကို မဆိုဝံ့ကြချေ။ စွယ်စုံရပြီး ဝါရင့်ဆရာများထံတွင် စနစ်တကျ နည်းနာ ခံယူမှတ်သားလေ့ကျင့်ထားသူ တို့သည်သာ သီချင်းကြီးကို သီဆိုကြလေသည်။

မျက်မှောက်ခေတ်တွင် တောတောင်ဘွဲ့၊ မယ်ဘွဲ့၊ခေတ်ပေါ် အတိုင်အဖောက် သီချင်းတို့ကိုသာ အများအားဖြင့်သီဆိုကြသည်။ ထိုသီချင်းတို့မှာ ဆိုရလွယ်ကူပြီးကူညီပြောဆို ပေးမည့်သူလည်း အများအပြားရှိလေသည်။ သီချင်းကြီးကဲ့သို့လည်း စည်းကမ်းမကြီးလှပေ။သီချင်းဆက်မဆိုနိုင်၍ မိုးမလင်းသော်လည်း ရပ်နားလိုက ရပ်နားနိုင်သည်။

ကရင်အောပွဲသည် အချေအတင်၊ အမေးအဖြေတို့ဖြင့် သီဆိုခြင်းဖြစ်ရာ မေးလာသော အကြောင်း

အရာကို လိုက်လျောညီထွေ သီဆိုဖြေနိုင်ရန် လိုအပ်ပေသည်။ သီချင်းတစ်ကျော့တွင် အမေး ဖြစ်သော်လည်း နောက်တစ်ကျော့တွင် အဖြေသီချင်းကို ဆိုရလေ့ရှိသည်။ အမေးသီချင်းနှင့် အဖြေသီချင်းတို့ကို တစ်လှည့်စီ သီဆိုရလေသည်။

သီချင်းဖြင့် တည်ကာ ချစ်ခင်စုံမက်ကြပြီး နံနက်မိုးသောက်လာလျှင် ခွဲခွာရတော့မည်ဖြစ်၍ အလွမ်းသီချင်း၊ ကွေကွင်းရမည့် အဆွေးသီချင်းများကို သီဆိုကြသည်။ ချစ်သူတို့ ခွဲခွာရမည့် မှာတမ်းများကိုလည်း အပြန်အလှန် ပြုကြသည်။

ထို့နောက်တွင် ညဦးပိုင်းက လဲလှယ်ခဲ့ကြသော ပစ္စည်းများကို ပြန်လည်ပေးကြလေသည်။ အချင်းချင်း နှုတ်ဆက်၍လည်း ဆွေးရိပ်လွမ်းရိပ် ပြည့်ဝန်းသော မျက်နှာတို့ဖြင့် ခွဲခွာကြလေသည်။

ကရင်အောပွဲသည် အပျိုလူပျိုတို့၏ မိတ်ဆက်ပွဲ၊ ချစ်ရေးဆို ဖူးစာရွေးပွဲ ဖြစ်သည့်အလျောက် အချို့မှာ အောပွဲတွင် သီချင်းသီဆိုမိတ်ဖွဲ့ရာမှ အစပြု၍ အသိမိတ်ဆွေဖြစ်လာကြပြီး ထိုမှ ချစ်သူဘဝကူးပြောင်းကာ ဘဝကြင်ဖော်အဖြစ် ခရီးဆက်သွားသူများလည်း ရှိကြပေသည်။

ရှေးအခါက အောပွဲတွင် လက်ဝှေ့ရေးပြရင်း ကာယကြံ့ခိုင်မှု၊ ကျန်းမာသန်စွမ်းမှုကို အကဲခတ်လေ့ ရှိသော်လည်း ကိုလိုနီခေတ် ကျရောက်ပြီးသည့် နောက်ပိုင်းတွင် လက်ဝှေ့ရေးပြခြင်းမှာ တဖြည်းဖြည်း တိမ်ကောလာပြီး ယခုအခါတွင် လုံးဝနီးပါး မရှိ တော့ချေ။ အောပွဲ စလျှင်စချင်း မိတ်ဆက်စကား ပြောဆိုခြင်း (ခလိုင်ကွေ) မှ စတင်ကြလေသည်။

မျက်မှောက်ခေတ်တွင် အောပွဲ ကျင်းပခြင်းမှာ အနည်းအကျဉ်းသာ ရှိတော့၏။ အချို့ဒေသ များတွင် လုံးလုံးပင် ကွယ်ပျောက်လျက် ရှိနေ၏။ အချို့သော ဒေသများတွင် အောပွဲကို စဉ်လာမပျက် ကျင်းပပြုလုပ် လျက်ရှိသော်လည်း ရှေးယခင်က ခေတ်စား ခဲ့သော သီချင်းကြီးများကို လုံးဝသီဆို တေးဖွဲ့နိုင်ခြင်း မရှိ တော့ချေ။ ရွှေးဖွတ် (ခေါ်) မောင်မယ်ဘွဲ့ သီချင်းကိုသာ အများအားဖြင့် တေးဖွဲ့သီဆိုနိုင်ကြတော့သည်။

အောပွဲကို စဉ်လာမပျက် ကျင်းပလေ့ ရှိသော်လည်း မိုးစင်စင်လင်းသည်အထိ သီဆိုခြင်း မရှိတော့ပဲ မနက် ၄ နာရီခန့်မှာပင် ရပ်နားလေ့ရှိ သည်။ နောင်အခါတွင် လုံးဝပင် ပျောက်ကွယ်နိုင်၏။

အချို့က ညလုံးပေါက် အောပွဲ သီဆိုခြင်းကြောင့် အိပ်ရေးပျက်၍ ကျန်းမာရေး ထိခိုက်ခြင်း၊ အလုပ်အကိုင်ပျက်ခြင်း စသည်ဖြင့် ကောက်ချက်ပေးကြသည်။

မည်သို့ပင်ဖြစ်စေ အရိုးကို အရွက်ဖုံးပါက အမြစ်ပါ ပြုတ်၊ ပင်စည်ပါ ချုပ်ငြိမ်း၍ ရိုးရာဓလေ့ အစဉ်အလာတစ်ရပ်ကို မတိမ်ကော၊ မပျောက်ပျက်စေရန် နှောင်းခေတ် ကရင်လူငယ်တို့က ဆက်လက်ထိန်းသိမ်းရန် သင့်ပေကြောင်း ဆန္ဒပြုအပ်ပါပေသည်။

# အရှေ့ပိုးကရင်တို့ မင်္ဂလာဆောင်ပွဲ

အရှေ့ပိုးကရင်အခေါ်အားဖြင့် “အောင်းတရာမောင်း” ခေါ် မင်္ဂလာဆောင်ခြင်းသည် အရှေ့ပိုးကရင်တို့အဖို့ အရေးကြီးဆုံး ပွဲကြီးတစ်ရပ်အဖြစ် သတ်မှတ်ကြသည်။ လက်ထပ် ထိမ်းမြားခြင်းအမှုသည် လူ့ဘဝတွင် အရေးကြီးဆုံး၊ အသန့်ရှင်းဆုံးဖြစ်ရမည်ဟု သတ်မှတ်ထားကြသည်ကို ဆိုလိုသည်။

ထို့ကြောင့်အရှေ့ပိုးကရင်တို့သည် လူနေမှုစနစ်တစ်ရပ်တွင် လက်ထပ်ထိမ်းမြားခြင်း မပြုမီ ကျူးလွန်ခြင်းမရှိရ။ ဖြူစင်သန့်ရှင်းရသည်။ အကယ်၍ ကျူးလွန်မိကြသော် ကျေးရွာလူကြီးများက နေ့ဖက်တွင် ထိမ်းမြားခွင့်မပေးတော့ဘဲ ညဉ့်နက်အချိန်တွင်သာ သတို့သားနှင့် သတို့သမီးတို့အား တိတ်တဆိတ် ထိမ်းမြားပေးကြသည်။ ထိုထိမ်းမြား ပွဲမျိုးတွင် လူအများကမသွားဘဲ ရှောင်ရှားကြသည်။ အချိန်မတိုင်မီတွင်သစ္စာမရှိ ကျူးလွန် သူတို့အား ရှောင်ကြဉ်သည့်သဘောဖြစ်သည်။

အပျိုလူပျို တစ်ဦးနှင့်တစ်ဦးချစ်ရည်ငံ၍ မေတ္တာမျှကြလျှင် လူကြီးများကို အသိပေး ကြသည်။

လူကြီးမိဘများကို အသိပေးရန် မဝံ့မရဲဖြစ်လျှင် အပျိုခေါင်း၊ လူပျိုခေါင်းမှ တဆင့် အသိပေးစေသည်။ အချို့က ကရင်အခေါ် "ထိုးလိုင်ဖိုး" ခေါ် အောင်သွယ် ကိုလည်း တဆင့်အသိပေးကြသည်။

လူကြီးမိဘများကို အသိပေးပြီးသောအခါ သားရှင်မိဘတို့က သမီးရှင်မိဘအား သွားရောက် စေ့စပ်ရလေသည်။ အချို့က အပျို လူပျိုခေါင်း၊ အချို့က အောင်သွယ်ကို စေလွှတ်၍ သွားရောက် စေ့စပ်ခြင်းလည်းရှိသည်။

အချို့သောဒေသတွင် အပျိုက လူပျိုကို လိုက် ပြေး ခြင်း၊ ရည်းစားလူပျိုက ညအခါ မိမိက ချစ်ရည်ငံ ပြီးသောအပျိုခန်းထဲ ဝင်ရောက်ပြီး ပြန်မထွက်ခြင်း လည်း ရှိသည်။ အပျိုက လူပျိုနောက် လိုက်ပြေးလျှင် နံနက်မိုးသောက်အခါ လူပျိုမိဘများက မိန်းကလေး မိဘကို သွားရောက်ပြီး ပြောကြားရသည်။ လူပျိုက အပျိုအိပ်ခန်းသို့ ဝင်ရောက်ပြီး ပြန်မသွားတော့လျှင် နံနက်မိုးသောက်သောအခါ မိန်းကလေးမိဘများက လူပျိုမိဘ များကို သွားရောက်ပြောကြားရသည်။

ထိုသို့အပြန်အလှန်သွားရောက်ပြောကြားရာ တွင် တိုက်ရိုက်ဆိုခြင်း မရှိဘဲ တစ်စုံတစ်ခုနှင့်

ပမာပြ၍ ပြောတတ်သည်လည်းရှိသည်။ မိန်းကလေး ရှင်က “ ညကသင့်အိမ်မှ နွားသိုးလေး တစ်ကောင် ကျွန်ုပ်ခြံထဲကို ဝင်ရောက်နေတယ်၊ ကျွန်ုပ်ကောင်းစွာ ချည်နှောင်ထားပါတယ်၊ သင်ပြန်ယူမလား” ဟု ပြောလျှင် သားယောကျ်ားရှင်က “ကျွန်ုပ် ပြန်မယူပါ၊ သင်သာကောင်းစွာ ထိန်းကျောင်းထားပါ” ဟူ၍ ပြန်ပြောလေသည်။ ထိုနည်းတူ သားယောကျ်ားရှင် သွားရောက်ပြောကြားလျှင် “ညတုန်းက သင့်အိမ်က နွားမတမ်းကလေး ကျွန်ုပ်နွားသိုးနောက်ကိုလိုက် လာ၍ ကျွန်ုပ်ခြံထဲမှာ ကောင်းစွာ ချည်ထားပါတယ်၊ သင်ပြန်ယူမလား” ဟုပြောလာလျှင် မိန်းကလေးရှင်က ကျွန်ုပ်ပြန်မယူပါ၊ သင်ကသာ ကောင်းစွာထိန်း ကျောင်းပါ” ဟူ၍ ပြန်ပြောလေသည်။ ဆိုလိုသည်မှာ သဘောတူ မတူ အတည်ပြုခြင်းရှိ မရှိကို ဓလေ့အရ စကားကတိတောင်းခြင်းဖြစ်သည်။

ထိုသို့ တစ်ဖက်နှင့်တစ်ဖက် စေ့စပ်ကြောင်း လမ်း၍ဖြစ်စေ၊ နှစ်ဖက်အပြန် အလှန်သဘောတူ၍ ဖြစ်စေ ထိမ်းမြားမင်္ဂလာဆောင်ရန် နေ့ကောင်း နေ့မြတ်သတ်မှတ်ပြီးဆိုလျှင် လက်ချည်မင်္ဂလာ

ကရင်အခေါ် (အောပေါ်ကကိုင်စူး)ကို ပြုလုပ်ကြရလေသည်။

အရှေ့ပိုးကရင်လူမျိုးတို့သည် နှစ်ဖက်သဘောတူ စေ့စပ်ကြောင်းလမ်းခြင်း ပြုလုပ်ပြီးသောအခါ မင်္ဂလာကြေး တင်တောင်းခြင်းကို ပြုလေ့မရှိချေ။ ကြေးတင်တောင်းခြင်းသည် သတို့သမီးအား တန်ရာတန်ကြေးနှင့် ရောင်းစားရာရောက်သည်ဟုယူဆ၍ အထူး ရှောင်ကြဉ်ကြသည်။

မင်္ဂလာအခမ်းအနားနှင့် ညှော်ခံပွဲကို သတို့သမီးအိမ်တွင် ဦးစွာပြုလုပ်ရသည်။ နောင်အခါ ပြုလုပ်လိုပါက သတို့သားအိမ်တွင် တစ်ကြိမ်ပြုလုပ်နိုင်သည်။ မင်္ဂလာအခမ်းအနား ကုန်ကျစရိတ်ကို အများအားဖြင့် နှစ်ဦးနှစ်ဖက် မျှခံကြသည်။ အချို့သောအနည်းစု အိမ်ထောင်စုတို့က မိသားစုအစဉ်အလာအရ သတို့သားဖက်ကသာ ကျခံရသော ဒေသဓလေ့အချို့ရှိသည်။ ဆင်းရဲနွမ်းပါးသူချင်းဖြစ်လျှင် ရပ်ရွာဆွေမျိုးတို့ ဝိုင်းဝန်းကူ၍ မင်္ဂလာကိစ္စကို ထောက်ပံ့ပေးကြသည်။

မင်္ဂလာဆောင်ရန်နေ့ရောက်သော နံနက်စောစောတွင် မင်္ဂလာသတို့သားက မိဘဆွေမျိုး

အပေါင်းအသင်းများနှင့် အိုးစည်ဗုံမောင်း တံပိုး (ကျွဲချို)များမှုတ်၍ မင်္ဂလာဆောင်ရာ သတို့သမီး အိမ်သို့ သွားရောက်ကြလေသည်။ အချို့သော ရပ်ဝေး နေသူ သတို့သားတို့က ကြိုတင်လာရောက်ပြီး သင့်ရာ ဆွေမျိုးအသိအိမ် သို့မဟုတ် လူပျိုခေါင်း၊ လူကြီး အိမ်များတွင် တည်းခိုအိပ်စက်ပြီး နံနက်စောစောတွင် သတို့သမီးအိမ်သို့ သွားရောက်ကြသည်။

မင်္ဂလာဆောင်ရန် သတို့သမီးအိမ်သို့သွားရောက် ရာတွင် သတို့သားကို လင်စုံမယားစုံနှစ်ဦးက ထီးမိုး ပေးကြသည်။ မင်္ဂလာဆောင်ရန် အသုံးအဆောင် ပစ္စည်းများကိုလည်း မိဘအစုံရှိသည့် လူပျိုရံအပျိုရံ များက ဝိုင်းဝန်းသယ်ဆောင်ပေးကြသည်။ သတို့သား အတွက် ပြုလုပ်ပေးမည့် လူပျိုရံကလည်း မိစုံဖစုံ သာဖြစ်ရသည်။ (ဤနေရာတွင် မိစုံဖစုံကို ရွေးချယ် ခြင်းမှာ မင်္ဂလာဆောင်မည့် သတို့သား၊ သတို့သမီး တို့အား သက်ဆုံးတိုင် ပေါင်းဖက်နိုင်ရန် အတိတ် နိမိတ်ယူခြင်းဖြစ်သည်။)





သတို့သားနှင့်အတူ ပါလာသောအပေါင်းအဖော်တို့က မိမိတို့ သတို့သားသည် ဆင်ပြောင်ကြီးကဲ့သို့ အင်အားပြည့်စုံသည့်သဘောဖြင့် သွားရာလမ်းတစ်လျှောက်တွင် သစ်ပင်ဝါးပင်များကို နင်းခြေချိုးဖွဲ့သွားကြသည်။ အိုးစည်ဗုံမောင်း အတီးအမှုတ်တို့ဖြင့် သီချင်းများကို သံပြိုင်ဟစ်ဆိုရင်း သတို့သမီးအိမ်သို့ ရောက်သောအခါ အပျိုရံများက အိမ်ရှေ့တွင်တန်းစီလျက် ဆီးကြိုကြသည်။

ထိုသို့ မင်္ဂလာသတို့သား ရောက်လာသောအခါ နှစ်ဖက်သောအပျိုလူပျိုတို့က အတိုင်အဖောက် သီချင်းများဆိုကြသည်။ ကခုန်ပျော်မြူးကြသည်။ သတို့သားက ချက်ချင်းအိမ်ပေါ်သို့ တက်ခွင့်မပြုကြချေ။ သတို့သားမှာ ခွန်အားဗလရှိမရှိ စမ်းကြည့်သောသဘောဖြင့် ဝါးပိုးရင့်ရင့် အရင့်ပိုင်း အမြစ်စိတ်စိတ် နှစ်ဆစ်ပိုင်းတစ်ပိုင်းကို သတို့သား အရှေ့သို့ပစ်ချထားကြလေသည်။

ထိုအခါ သတို့သားလူပျိုရံတို့က အသင့်ဇုက်ယူလာသောခါးကြားမှ ပေါက်ဆိန်ကို ထုတ်ပြီး သတို့သားအားပေးအပ်လေသည်။ သတို့သားကပေါက်ဆိန်ဖြင့် နှစ်ချက်သုံးချက်ကွဲအောင် ပေါက်ခွဲရလေသည်။

ဝါးပိုးအဆစ်ပိုင်းကိုမခွဲမိဘဲ ဝါးပိုးသားကိုသာ ခွဲမိပါက ပေါက်ဆိန်သွား တအားစိုက်နေပြီး နုတ်မရအောင် ဖြစ်နေတတ်သည်။ ထိုအခါမျိုးတွင် ပရိတ်သတ်များက ရယ်မော၍ လှောင်ပြောင်ကြလေသည်။ ဝါးဆစ်ပိုင်း ခွဲရာတွင် ကျွမ်းကျင်လိမ္မာရသည်။ အချို့က နာရီဝက် တစ်နာရီကြာမျှ ရှိတတ်သည်။

သတို့သားကဝါးဆစ်ပိုင်းခွဲနေချိန်တွင် လူပျိုရံများက သီချင်းများကို အတိုင်အဖောက်ဖြင့် အော်ဟစ်သီဆိုကြလေသည်။

"ထွန်ဘားနအော ထိုးစီခွေ
 ဖစ်လောင့်အော်လား
 သိုက်နော်ထွေ(လာလာဝေး)"

ငှက်တောက်ငှက်ပမာ စကားတတ်လှသော သင်တို့ထံ ရောက်ရှိ၍ လာပါပြီ၊

အရက်တစ်မှော့တစ်ခွက်
ပေးသောက်ကြပါလေ။
"ဂယ်ဘားနအော ထိုးစီစွန့်
ဖစ်လောင်အော်လား-
သိုက်နော်ကွန်(လာလာဝေး)"

သင်တို့ထဲသို့ လာရောက်ရပါပြီ။ အရက်ယမကာတစ်ပုလင်းလောက် ဧည့်ခံပါဟူ၍ သီချင်းဖြင့် တောင်းဆိုကြသည်။ သတို့သား ဝါးပိုးဆစ်ခွဲ၍ မကွဲသမျှ လူပျိုများ အရက်တောင်းသောက်ခြင်းကို ခွင့်မပေးကြချေ။ သတို့သားက ဝါးပိုးဆစ်ခွဲ၍ ကွဲသောအခါ အိမ်ရှင်များက ဧည့်သည်များကို အရက်ယမကာများဖြင့် ဧည့်ခံကြလေသည်။

အချို့က ရောက်လာသော သတို့သားကို အားစမ်းသောသဘောဖြင့် ကရင်ခေါ် "ထီတုံးထွန့်ကောက်" ရွှေကျည်တောက်ဖြင့် ပိတ်ဆို့တားဆီးကြသည်။ ဝါးကျည်တောက်တစ်လုံးကို ချောမွတ်နေအောင် သပ်ထားပြီး ဆီများဖြင့်သုတ်လိမ်းထားကြသည်။တစ်ဖက်တွင် ကြိုးဖြင့်နဖားကြိုးကဲ့သို့တပ်ဆင်ထားကြသည်။

ထိုအခါ အမျိုးသမီး အပျိုရံတို့က နဖားကြိုးကို ဆွဲထားပြီး ချောမွတ်နေသော ဝါးအဖျားပိုင်းကို အားစမ်းသည့်သဘောဖြင့် သတို့သားအား ဆွဲစေသည်။ ကျည်တောက်ကို ပါအောင်မဆွဲနိုင်သမျှ သတို့သားအား သတို့သမီးအိမ်ပေါ်သို့ တက်ခွင့်မပေးချေ။ သတို့သားက ချောနေသော ဝါးပိုးပိုင်းကို ပါအောင်မဆွဲနိုင်၍

ပရိသတ်တို့က ဟားတိုက် ရယ်မောကြရအောင် တမင်အကွက်ဆင်ခြင်းဖြစ်၏။

ထိုအခါမျိုးတွင် သတို့သား လူပျိုကာလသား များက အနီးအနားရှိသစ်ပင်များကို ဆွဲပစ်ဖျက် ဆီးကြသည်။ သင်လာလျှင် ဆင်လမ်းရှိရမည်။ လမ်းဖွင့်ပေးကြဟူ၍ တောင်းဆိုကြသည်။ သီချင်း အားဖြင့်လည်း ဤသို့ ဆိုကြလေသည်။

"အောင်းယဂေါက် ထီထုံးဖွန်ကောက်

နှင်းလန်အေး ယသာလမောက်(လာလာဝေး)"

အဓိပ္ပါယ်မှာ ဝါးကျည်ထောက်ကို ရအောင် မဆွဲနိုင်၍ စိတ်မကောင်းခြင်းကြီးတွေ ဖြစ်ရပါသည်။

"အောင်းယဂေါက် ထီထုံးလခေါ

နင်းလန်အေး ယဗားထိုင်ပလော် (လာလာဝေး)"

အဓိပ္ပါယ်မှာ ဝါးကျည်တောက်ကို တဖက်ကဆွဲ ထားသဖြင့် ဆွဲမရအဆုံး အားမတန် မာန်လျှော့၍ ပြန်ရပါတော့မည်။

ထိုသို့ သတို့သားကတဖက် သတို့သမီး အပျိုရံ တို့ကတဖက် ဝါးကျည်တောက်ကို သူရကိုယ်ရ ဆွဲလု နေချိန်တွင် သတို့သမီးဖက်မှလူကြီးများက သတို့သား လူပျိုရံများအား အရက်ငှဲ့၍ တိုက်ကြရသည်။

သတို့သားနှင့်ပါလာသော လူကြီးများကလည်း တားဆီးသူ ပျိုမေတို့အား တားကြေးများ တန်ရာ တန်ကြေးပေးရန် လမ်းဖွင့်ရန် တောင်းပန်ကြရသည်။ ထိုသို့အပြန်အလှန် ပေးယူကြပြီး ပျော်ရွှင်၍ တစ်နာရီကျော် နှစ်နာရီခန့် အကြာတွင် သတို့သားအား လမ်းဖွင့်ပေးလိုက်ကြသည်။

ဝါးဆစ်ပိုင်းခွဲ၍ ကွဲသွားသောအခါမျိုးတွင် လည်းကောင်း၊ ဝါးကျည်တောက် ဆွဲ၍ ရသောအခါမျိုးတွင်လည်းကောင်း သတို့သားသည် အောင်ပွဲရသူရဲကောင်းအလား ဝင့်ကြွားစွာ အိမ်ပေါ်သို့တက်သွားနိုင်လေပြီ။ ထိုသို့ အိမ်ပေါ်ရောက်နေစဉ် လှေကား အလယ်ဆင့်သို့ရောက်သောအခါ အသင့်စောင့်နေသော အမျိုးသမီးက အသင့်ပြုလုပ်ထားသော တရော်ကင်ပွန်းရည်ဖြင့် ခေါင်းမှလောင်းချလိုက်ရ၏။ ထိုအခါ သတို့သားမှာ ကိုယ်ခန္ဓာတစ်ခုလုံး တရော်ကင်ပွန်းရည်တို့ဖြင့် စိုရွှဲသွားလေတော့၏။

သတို့သားအိမ်ပေါ်သို့ ရောက်သောအခါ အသင့်ထားရှိသော ရေအိုးမှရေဖြင့် စင်ကြယ်အောင် ရေချိုးပေးလိုက်ရသည်။ ထိုအခါ သတို့သမီးက



ကိုယ်တိုင်ရက်လုပ်ထားသော အမျိုးသား ဝတ်စုံကို မင်္ဂလာသတို့သားအား ထုတ်ပေးပြီး ဝတ်ဆင်လဲလှယ်စေလေသည်။ ထို့နောက် အမျိုးသားဝတ်စုံဖြင့် သတို့သားက သတို့သမီးလက်ကိုဆွဲပြီး ပြင်ဆင်ထားသော မင်္ဂလာခန်းမတွင် ဝင်ရောက်၍ ယှဉ်တွဲထိုင်ရသည်။ သတို့သားက ညာဘက်တွင်ထားပြီး အမျိုးသမီးက ဘယ်ဘက်တွင်ထိုင်ရသည်။ သတို့သား၏ ဒူးတစ်ဖက်က သတို့သမီး၏ ဒူးတစ်ဖက်ပေါ်တွင် စတိသဘောဖြင့် တင်ထားလိုက်ရသည်။ မိဘစုံ အပျိုလူပျိုရံတို့ကလည်း ကပ်၍ထိုင်ကြရသည်။

အရှေ့ပိုးကရင်တို့ မင်္ဂလာဆောင်ရာတွင် ချည်ဖြူဖြင့် ကရင်အခေါ် "အောဟောက်ခိုင်စူး" ခေါ် လက်ချည်ခြင်းကို ဦးစွာပြုရသည်။ သတို့သားသတို့သမီးရှေ့ဒေါင်းလန်းတစ်ချပ် ပေါ်တွင် ကောက်ညှင်းဖင်ချွန်၊ငှက်ပျောသီး၊ထမင်းခုနှစ်ဆုပ်၊ပန်းခုနှစ်ပွင့်နှင့် ချည်ဖြူ များဖြန့်ခင်းထားပြီး ထမင်းဟင်းစားသောက်ဖွယ်ရာများကို ထည့်ထားရလေသည်။ ထို့နောက် အသက်ကြီးနေသော လူကြီးရွှယ်အိုလင်မယား တစ်စုံက စားသောက်ဖွယ်များကို အနည်းငယ်စီ ထည့်၍

လက်ချည်ပေးပြီး ဆုတောင်းပေးကြသည်။ ယင်းနောက် လက်ချည်ပေး၍ပြီးလျှင် သတို့သားနှင့် သတို့သမီးတို့က စားသောက်ဖွယ်များ အနည်းငယ်စီ နှိုက်၍ သုံးကြိမ် သုံးခါတိုင်တိုင် အပြန်အလှန် ခွံ့ကျွေးရလေသည်။ ထို့နောက်တွင် အပျိုလူပျိုရံတို့က ထမင်းဟင်းများကို သုံးလုတ်စီပြည့်အောင် စားသောက်ပြီး ဦးစွာပြီးသူက ကျန်သူများပေါ်တွင် ထမင်းများကို ကြဲဖြန့်၍ လက်ထပ်ပွဲကို အဆုံးသတ်လိုက်ကြတော့သည်။

သတို့သမီးနှင့်သတို့သားတို့ မင်္ဂလာလက်ချည် ပြုနေချိန်တွင် အပြင်ဖက်မှ နှစ်ဖက်သော ဧည့်သည် ပရိတ်သတ်များ သီချင်းဆို၍ ကခုန်ပျော်မြူးကြ သည်မှာ တမော တကောပင်ဖြစ်သည်။ အထူးသဖြင့် သတို့သားဖက်မှ အပျိုလူပျိုတို့က ကြေကွဲဝမ်းနည်း၍ နှမြောသော တေးသီချင်းများကို ဆိုတတ်ကြသည်။

"ယဝိုမောင်းခွာ့ လအောနောင်းဂါ

အောလဟော ထိုင်ကဲနောင်ဝါ(လာလာဝေး)"

ငါ့များ အပေါင်းအသင်းရယ်လို့ မရှိလှပါ။ ရှိတဲ့တစ်ယောက်မှာလည်း ယခုတော့ သူ့ရဲ့ခင်ပွန်း ဖြစ်သွားလေပြီ။

"ယဝိုဖောင်းခွာ့ ထိုင်ကဲနဝါ

ယအောလဟာ

လမောက်ယသာ(လာလာဝေး)''

ငါ့အပေါင်းအသင်းက သင့်ရဲ့ခင်ပွန်းဖြစ်ချေတော့ ငါ့မှာလွမ်းဆွေးရ၊ စိတ်မချမ်းမြေ့ရ ဖြစ်ရပါတယ်။

အချို့ကလည်း လာရောက်စဉ်က အပေါင်း အဖော် စုံလင်ပြီးအပြန်မှာ တစ်ယောက် လျော့သွား၍ ကြေကွဲဟန်ဖြင့်လည်း ဤသို့ သီချင်းဆိုကြသည်။

''ဟဂယ်ကို တဝိုဖောင်းခွာ

ဘားအောကစ်ထော ကဲနဝါ(လာလာဝေး)''

ဒို့တတွေက ဒို့ရဲ့အပေါင်းအသင်းကို ခေါ်လာကြသည်။ ခုတော့ သူမရဲ့ခင်ပွန်းအဖြစ် ချန်ထားခဲ့ရပြီလေ။ အချို့ကလည်း သတို့သမီး ချောမချော၊ လှမလှကို ကြည့်ရှုလို၍ သီချင်းဖြင့်လည်း ဤသို့ တောင်းဆိုပြသည်။

''ယဝိုဖောင်း မူးအဝေါင်ဟီ

ဒါးဘားလားအမေ နောင်ထိ(လာလာဝေး)

ယဝိုဖောင်းမူး၊ ကဲပဝေ့

လဒါးဘား ဟတိုင်မောက်အေ့(လာလာဝေး)''

ရုပ်ရည်လှပသော ငါတို့ရဲ့ သူငယ်ချင်းဇနီးကို ခဏမျှကြည့်လိုသည်။ ငါတို့ရဲ့ သူငယ်ချင်းဇနီးဟာ

ဒို့သူငယ်ချင်းလည်း ဖြစ်နေပါပြီ။ မမြင်ရသမျှ မပြန်လိုတော့ပါဟူ၍ သီချင်းတို့ဖြင့် အော်ဟစ်ကခုန် ပျော်မြူးလျက်ရှိနေကြလေသည်။

မင်္ဂလာချည်ဖြူဖြင့် လက်ချည်မင်္ဂလာ ကျင်းပပြီးသောအခါ အချို့သော မိဘရှင်တို့က လယ်ယာ မြေ၊ ကျွဲ၊ နွား၊ ရွှေငွေရတနာများကို ပရိတ်သတ်များရှေ့တွင် လက်ဖွဲ့ပစ္စည်းအဖြစ် ပေးအပ်ကြေညာ အသိပေးလေ့ရှိသည်။ ကရင်လူမျိုးတို့ မင်္ဂလာဆောင်ပွဲကို ထမင်း၊ ဟင်းနှင့် ဧည့်ခံကျင်းပခြင်း အပြင် တူရိယာဝိုင်းများ၊ ရိုးရာအက ဖြင့်လည်း ဖျော်ဖြေဧည့်ခံလေ့ရှိသည်။

# အရှို(ချင်း)တိုင်းရင်းသားတို့၏ လေနတ်ပူဇော်ပွဲ (အလျှောခွန်နတ်ပွဲ)

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ရခိုင်ရိုးမ တောင်ပေါ်အရှိုချင်းကျေးရွာများ၌ တောင်ယာစပါး စိုက်ပျိုးပြီး တော်သလင်းလတွင် ရိုးရာလေနတ် ပူဇော်ပွဲ (အလျှောခွန် နတ်ပွဲ)ကို ယခင်က ပြုလုပ်လေ့ ရှိကြပါသည်။ ယခုချိန်တွင် တောင်ယာခုတ်ခြင်းမရှိ တော့ဘဲ ငှက်ပျောပင်များ စိုက်ပျိုးလျက်ရှိကြပါသည်။

လေနတ်ပူဇော်ပွဲ (အလျှောခွန်နတ်ပွဲ) ပြုလုပ် ရခြင်းမှာ လေတိုက်၍ တောင်ယာ စပါးများ ပျက်စီး ဆုံးရှုံးမှုမရှိအောင် ပူဇော်ခြင်းဟု ယုံကြည်ခြင်းကြောင့် ဖြစ်ပါသည်။

လေနတ်ပူဇော်ပွဲ (အလျှောခွန်နတ်ပွဲ) မှာ ပတ်ဝန်းကျင်နီးစပ်ရာ တောင်ယာပိုင်ရှင်များ စုပေါင်း ပြုလုပ်ရသည့်ပွဲဖြစ်ပြီး နှစ်စဉ်ရွာလယ်နတ်ပွဲမတိုင်ခင် ပြုလုပ်ရသည့် ပွဲဖြစ်ပါသည်။

လေနတ်ပူဇော်ပွဲ (အလျှောခွန်နတ်ပွဲ) ပြုလုပ်ရန် ဝက်တစ်ကောင်၊ ခေါင်ရည်အိုး (၂)လုံး၊ ကြက်(၂) ကောင်၊ ခွေး (၁) ကောင်၊ ကြက်ဥ (၂) လုံးကို ကြိုတင် ပြင်ဆင်ထားရပြီး ထိုတောင်ယာခုံ (ပတ်ဝန်းကျင် တောင်ယာခင်း)များတွင် ပါဝင်သော တောင်ယာ ပိုင်ရှင်များက ကုန်ကျစရိတ်ကို ခွဲတမ်းကျ ကျခံကြရ ပါသည်။ ထိုပွဲကို အမျိုးသမီးများ လိုက်ပါ ခွင့်မရှိပါ။

လေနတ်ပူဇော်ပွဲ(အလျှော့ခွန်နတ်ပွဲ) မပြုလုပ်မီ တစ်ရက်ကြိုတင်ပြီး တောင်ယာရှင်များက မိမိ တောင်ယာစပါးခင်းမှ စပါးပျိုးပင် လက်တစ်ဆုပ်စာနှင့် ချည်ခင်တစ်ခင်စီ ပြင်ဆင်ထားရပါသည်။

လေနတ်ပူဇော်ပွဲ(အလျှော့ခွန်နတ်ပွဲ) ပြုလုပ်သည့်နံနက်ပိုင်းတွင် နတ်စင်နှင့်အတူ အလျှော့အိမ် (အလျှော့ခွန်နတ်ကို ရည်စူး၍ ပြုလုပ်သည့်နတ်အိမ်ငယ်) အသေးတစ်လုံးနှင့် အကြီးတစ်လုံး၊ ဘီလူးအိမ်(အလျှော့ခွန်နတ်နှင့်အတူပါသည့် နတ်ဆိုးဘီလူးအား ရည်စူးသည့်ဝါးအိမ်ငယ်) တစ်လုံး၊ စောင်ခွန် (စပါးကောင်းမွန်အောင် စောင့်ရှောက်ပေးသည့် နတ်ကိုရည်စူးသည့် ဝါးအိမ်ငယ်) တစ်လုံး၊ ကလွေတွီ (ရေထည့်၍ရသည့် ဝါးကျည်တောက်ငယ်) တစ်လုံး၊ အခေါ်(ဝါးခြမ်းပြား)၊ အခေါ်ပလာ (ဝါးခြမ်းပြားငယ်)၊ စသည့်အရာများပြုလုပ်၍ နတ်စင်အောက်တွင် ထားရသည်။ ထို့အပြင် အခေါ်၊ အခေါ်ပလာ ဝါးခြမ်းပြားများကို နတ်စင်ပေါ်တွင်လည်း တင်ထားရသည်။ လောင်ဖူ (သစ်သားနှင့် ပြုလုပ်ထားသည့် ဖိုခနောက်)လည်း ပြုလုပ်ထားရသည်။

ခေါင်ရည်အိုး (၂) လုံးအား ပြင်ဆင်၍ မီးမွှေးကြက်ဥပြုတ်ပြီး နတ်စင်ပေါ်တွင် တင်ထားရသည်။ ထို့နောက် ပဆန်းဆရာ(နတ်ဆရာ)မှ စတင် ပဆန်းပွယ် (ပဆန်းရွတ် ဆိုခြင်း)ရတော့သည်။ ဝက်အရှင်အား

ပဆန်းဆရာ (နတ်ဆရာ)မှ ပဆန်းပွယ် (ပဆန်းရွတ်ဆိုခြင်း) ပြီးသည့်အချိန်တွင် ဝိုင်းဝန်းလုပ်ဆောင်သူများမှ ချက်ပြုတ်ပြီး အသားတုံးများကို နတ်စင်ပေါ်တင်ထားရပါသည်။ ထိုသို့ပြုလုပ်နေစဉ် ပဆန်းဆရာမှ ခေါင်ရည်အား ပဆန်းပွယ်ပြီး တောင်ယာနတ်အား ပင့်ဖိတ်၍ ရည်စူးသောက်သုံးစေပါသည်။







ထိုမှတစ်ဆင့် ပဆန်းဆရာ၊ အိမ်ရှင် (နတ်ပွဲသုံးခါပြုလုပ်ရသော တောင်ယာရှင်က အိမ်ရှင်အဖြစ်ခံယူရသည်)နှင့် လာရောက်သူများ (ပတ်ဝန်းကျင်တောင်ယာပိုင်ရှင်များ)ဟူ၍ အဆင့်ဆင့် သောက်သုံးကြရပါသည်။ ထိုသို့ခေါင်ရည်သောက်သုံးပြီးနောက်တွင် ပဆန်းဆရာမှ ယလောက်(ပဆန်းဆရာမှခေါ်သော ခေါင်ရည်မြည်းကြည့်မည့်သူ)နှင့်နှစ်ယောက်တစ်တွဲ သုံးကြိမ်အလှည့်ကျ ခေါင်ရည်ကိုသောက်သုံးစေပါသည်။ ယလောက်များမှာ အငိုင်ယလောက် (လူငယ်နှစ်ယောက်)၊ အိမ်ရှင်ယလောက်(အိမ်ရှင်ခံယူသူနှင့် အခြားတစ်ယောက်)၊ပဆန်းဆရာယလောက်(ပဆန်းဆရာနှင့် အခြားတစ်ယောက်) ဟူ၍သုံးမျိုးရှိပါသည်။

ယလောက်များ အလှည့်ကျခေါင်ရည်သောက်သုံးအပြီးတွင် ပဆန်းဆရာမှ ကြက်တစ်ကောင်အားထပ်မံပဆန်းပွယ် (ပဆန်းရွတ်ဆိုခြင်း) ရပါသည်။ ထိုကြက်ကို ‘ခိုကြက်’ ဟုခေါ်ပြီး ဝိုင်းဝန်းလုပ်ဆောင်သူများမှ ချက်ပြုတ်၍ နတ်စင်ပေါ်တင်ကြရပါသည်။ ဆက်လက်၍ ပဆန်းဆရာမှ ကြက်တစ်ကောင်အားထပ်မံပဆန်းပွယ်ရပြန်သည်။ ထိုကြက်ကို အလျှောကြက်ဟုခေါ်သည်။ ထို့နောက် ဝိုင်းဝန်းလုပ်ဆောင်သူများမှ ကြက်ကိုသတ်၍ ကလီစာ၊ သည်းခြေ၊ တောင်ပံအဖျားများကိုယူပြီး နတ်စင်အောက်တွင်

ထားသော အလျှော်အိမ်ထဲတွင် ထည့်ရပါသည်။ အလျှော်ကြက်အား ချက်ပြုတ်နေစဉ် ပဆန်းဆရာမှ ကြက်ဥအားပဆန်းပွယ်၍ ယလောက်ရှင်မှ အခွံခွာပြီး နတ်စင်အောက်တွင်ထားသော ဘီလူးအိမ်နှင့် အလောင်ယိုင်အိမ်ထဲသို့ တစ်လုံးစီထည့်ပေးရပါသည်။

အလျှော်ကြက်ဖြင့် ချက်ပြုတ်သောဟင်းကို အလျှော်ဟင်းဟုခေါ်ပါသည်။ အလျှော်ဟင်း ကျက်သောအခါ အသားတုံးများအား နတ်စင်ပေါ် တင်ပြီး နတ်များစားသုံးစေခြင်းအလို့ငှာ ရည်စူးပူဇော် ပသပေးရသည်။

ထို့နောက်ခွေးအားဖမ်း၍ သတ်ဖြတ်ပြီး ဝိုင်းဝန်း လုပ်ဆောင်သူများမှ ခေါင်း၊ ခြေသည်း၊ လက်သည်း များဖြတ်၍ အလျှော်အိမ်အကြီးထဲသို့ ထည့်ပေးရသည်။ ဆက်လက်ပြီး အလျှော်သွားပို့ကြသည်။ အလျှော်ပို့ ရာတွင် နတ်စင်အောက်တွင်ထားသော အလျှော်အိမ် အကြီးနှင့်အငယ်၊ ကြက်ဥထည့်ထားသည့် ဘီလူးအိမ်နှင့် အလောင်ယိုင်အိမ်များကို တောင်ယာဓနံ၏ တစ်ဖက် ကျောသို့ ပို့ဆောင်ကြရသည်။ အလျှော်ပို့ခြင်းကို အလျှော်နတ်၊ ဘီလူးနတ်၊ အလောင်ယိုင်နတ်တို့အား ပြန်လည်ပို့ဆောင်သည်ဟုလည်း အဓိပ္ပာယ်ရပါသည်။



အလှျော်ပို့အပြီးတွင် နတ်ပွဲအတွင်းမှအပ ထိုတောင်ယာဇုံတွင် ရှိကြသောလူများ အားလုံး အိမ်ပြန်ကြရပါသည်။ ထိုအချိန်မှစ၍ လေနတ်ပူဇော်ပွဲ(အလှျော်ခွန်နတ်ပွဲ)ပြီးစီးပြီး နောက်တစ်ရက်ညနေအထိ တောင်ယာခင်းထဲသို့ သွားရောက်ခြင်း မပြုရတော့ပါ။ နတ်စင်ပေါ်တွင်ရှိသော စားသောက်ဖွယ်ရာများကို နတ်များပင့်ဖိတ်၍ လက်ဆေးရည်ကို ကလွေတွီး (ဝါးကျည်တောက်ငယ်)မှ လောင်းချပေးပြီး ရည်စူးသုံးဆောင်စေပါသည်။

ဆက်လက်၍ ရွာထဲတွင် ချည်ခင်ပတ်ရန် အချိန်ဖြစ်သည်။ ချည်ခင်များကို တစ်အိမ်ထောင်တစ်ဦးပတ်ကြပြီး နတ်ပွဲသို့မလာသော အိမ်ထောင်ရှိပါက ချည်ခင်နှင့် စောင်ခွန်(စပါးပျိုးပင် လက်တစ်ဆုပ်)ကို ၎င်းတို့အိမ်သို့ အဖေ့(အသားဝေစု)နှင့်အတူ ပို့ပေးကြပါသည်။နောက်ဆုံးတွင် ပဆန်းဆရာမှ နတ်များအားပို့ဆောင်ရန် နတ်ပို့မန္တာန်ရွတ်၍ နတ်များအားပြန်လည်ပို့ဆောင်စေပါသည်။ နတ်ပို့အပြီးတွင် အဖေ့(အသားဝေစု) ကို လာရောက်သည့် ဧည့်သည်များနှင့် တောင်ယာရှင်များအား ဝေစုခွဲဝေပေးခြင်းဖြစ် ပါသည်။ ထို့သို့ခွဲဝေပေးရာတွင် ပဆန်းဆရာအား ကြက်တစ်ကောင်နှင့်တစ်ခြမ်းထည့်ပေးရပါသည်။ ယလောက်ရှင်များအား ကြက်ခြေထောက်၊ ကြက်ခေါင်းနှင့် ကြက်တစ်ခြမ်း ထည့်ပေးရပါသည်။ ဝေစုခွဲအပြီးတွင်

လာရောက်ကြသည့် လူများက စားသောက်ကြပြီး လေနတ်ပူဇော်ပွဲ (အလျှော့ခွန်နတ်ပွဲ)ကို ပြီးဆုံးစေပါသည်။

နောက်တစ်နေ့ နံနက်တွင် ပဆန်းဆရာက အိမ်၏အရှေ့ဖက်သို့ မျက်နှာမူပြီး လေနတ်ပူဇော်ပွဲ (အလျှော့ခွန်နတ်ပွဲ) ပြီးဆုံးပြီး ဖြစ်တဲ့အကြောင်း မန္တာန်ရွတ်ဆိုပြီး အဆုံးသတ်ရပါသည်။

# ဟားခါးမြို့နယ် လိုင်(ချင်း)မျိုးနွယ်စုများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော THO ပွဲတော်

## သမိုင်းအကျဉ်း (ဖြစ်ပေါ်လာပုံ)

ဟားခါးမြို့နယ်တွင် လိုင်မျိုးနွယ်စုများအနေဖြင့် THO (နှစ်သစ်ကူး) ပွဲတော်ကို ရှေးပဝေသဏီ ကတည်းက ကျင်းပမြဲဖြစ်ပါသည်။ ဤပွဲတော်ကို တစ်နှစ်တစ်ခါ ကျင်းပလျက်ရှိပါသည်။ THO ပွဲကို နှစ်သစ်ကူးပွဲတော် သို့မဟုတ် ကောက်သစ်စားပွဲတော်ဟု ခေါ်တွင်ကြပါသည်။

## ရည်ရွယ်ချက်

THO (နှစ်သစ်ကူး) ပွဲ ကျင်းပရခြင်းမှာ တစ်နှစ်လုံး ကောင်းကြီးခံစားရခြင်း (တောင်ယာလုပ်ကိုင်ခြင်းမှ ရရှိသမျှ)အတွက် ချီးမွမ်းပွဲ ပြုလုပ်ရခြင်းဖြစ်ပါသည်။ နှစ်ဟောင်းမှရသမျှအတွက် ချီးမွမ်းပွဲပြုလုပ်ပြီး တောင်ယာလုပ်ငန်း အသစ်တစ်ဖန် ပြန်လည်စတင် ရခြင်းလည်းဖြစ်ပါသည်။ နှစ်ဦးကို ကြိုဆိုသည့် ပွဲလည်းဖြစ်ပါသည်။ THO ပွဲကျင်းပရခြင်း (၄) မျိုး ရှိပါသည်။

၁။ကွယ်လွန်ပြီးသောသူများအတွက် (Mithi caah) ကျင်းပခြင်း

၂။တစ်နှစ်လုံးရရှိသည့်စာနပ်ရိက္ခာများအတွက် ကျင်းပ ခြင်း

၃။တစ်နှစ်အတွင်း မွေးဖွားရရှိသည့် ကလေးများ အတွက် ဆုတောင်းပေးခြင်း

၄။နှစ်သစ်ကူးကြိုဆိုခြင်းအတွက် ကျင်းပခြင်းတို့ဖြစ် ပါသည်။

## ပွဲကျင်းပသည့်ကာလ

၃။ THO (နှစ်သစ်ကူး) ပွဲတော်ကို တောင်ယာ ဟောင်းမှ သီးနှံများကို ရှာရှိနေအိမ်သို့ သယ်ယူ စုဆောင်း သိုလှောင်ပြီးဖြစ်သဖြင့် တောင်ယာအသစ် ခုတ်ထွင်ရန်အတွက် အသင့်ဖြစ်သည့် အောက်တိုဘာ လ (THO Thla) တွင် ကျင်းပလေ့ရှိပါသည်။

## ပွဲကျင်းပပုံ

၄။ THO (နှစ်သစ်ကူး) ပွဲတော်ကို (၆) ရက်တိတိ ကျင်းပလေ့ရှိပါသည်။

ပထမနေ့။ ပွဲတော်ကျင်းပသည့် ကာလအတွင်း စားသုံးရန် စားသောက်ဖွယ်ရာများကို စုဆောင်း ပြင်ဆင်သည့်အချိန်ဖြစ်သည်။ ဤနေ့တွင် ကွယ်လွန် ပြီးသူများ၏ သင်္ချိုင်းကို မိသားစုများ၊ ဆွေမျိုးများက သန့်ရှင်းရေးလုပ်ပေးလေ့ရှိပါသည်။ ဤလုပ်ရပ်သည် ကွယ်လွန်ပြီးသော အဖိုးအဖွား၊ အဖေအမေ၊ ညီအစ်ကို မောင်နှမများအား ရှိသေခြင်းနှင့် သူတို့အပေါ် ချစ်ခြင်းမေတ္တာကို ဖော်ပြခြင်းဖြစ်ပါသည်။

ဒုတိယနေ့။ လိုင်လူမျိုးနွယ်စုတို့၏ အယူအဆအရ ကွယ်လွန်ပြီးသောသူများသည် သေရွာ (Pial) တွင်ရှိ နေကြသည်ဟုယူဆကြသည်။ (သင်္ချိုင်းတွင်ရှိကြ သည်ဟုမယူဆပါ) ထို့ကြောင့် THO ပွဲတွင် သူတို့၏ ချစ်ခြင်းမေတ္တာကိုပြသသည့် အနေဖြင့် ကွယ်လွန်သူ များအား ထမင်းကျွေးခြင်း ပြုလုပ်ပေးလေ့ရှိပါသည်။ ကွယ်လွန်သူများအား THO ပွဲတော်အတွက် ပြင်ဆင် သည့်ထမင်းဟင်းလျာများကို ကျွေးမွေးပေးခြင်း ပင်ဖြစ်ပါသည်။ ကွယ်လွန်သူများသည် သေရွာ (Pial) မှ နေထိုင်ကြပြီး THO ပွဲတွင် လာရောက်ကြသည်ဟု ရှေးဘိုးဘေးများက ယုံကြည်ကြသည်။ ကွယ်လွန်သူ

များအား ထမင်းကျွေးသည့် ကိစ္စကို THO ပွဲ၏ ဒုတိယနေ့တွင် ပြုလုပ်လေ့ရှိပါသည်။

တတိယနေ့။ တစ်နှစ်လုံး လုပ်ကိုင်ရှာဖွေရာမှရရှိသော စားသောက်စရာမျိုးစုံ တစ်တောင်းစီကို ရွာသူကြီး အိမ်သို့ယူဆောင်လာကြသည်။ ဘိုးဘွားခေတ်တွင် စားသောက်စရာများကို နတ်ထံပူဇော်ပသသည့် နေ့ကပင် ဖြစ်ပါသည်။ နတ်ဆရာ (Pasan) ကနတ်ထံ ဆုတောင်းပြီး ပူဇော်ပသလေ့ရှိပါသည်။ စားသောက်စရာ တစ်ဝက်ကို ရွာသူကြီးအားပေးပြီး ကျန်တစ်ဝက်ကို ဆင်းရဲသား၊ မုဆိုးမ၊ မုဆိုးဖိုတို့အား ခွဲဝေပေးကြပါသည်။ ယင်းနေ့တွင် နောင်နှစ်တွင်ခုတ်ထွင်မည့် တောင်ယာ ကွက်များကိုလည်းခွဲဝေပေး ကြပါသည်။ယင်းနေ့ကို Zamual/bur နေ့ဟုခေါ်ပါသည်။

စတုတ္ထနေ့။ ဤနေ့တွင် မည်သူမျှရွာပြင်မထွက်ကြ။ ခရီးသွားခွင့်လည်းမရှိပါ။ တောထဲသွားခွင့်လည်း မရှိပါ။ တစ်နှစ်လုံးအတွင်းမွေးဖွားသည့် ကလေးများ အတွက် ကောင်းချီးတောင်းခံပေးဖို့အတွက် လိုင်ကောက်ညှင်းထောင်းကြပါသည်။လိုင်ကောက်ညှင်း

ထုပ်သည့်အပြင် စားသောက်ဖွယ်ရာ မျိုးစုံကို ပြင်ဆင်ကြပါသည်။ ယင်းနေ့ကို Zamual/bur နေ့ဟုခေါ်ပါသည်။

ပဉ္စမနေ့။ ပဉ္စမနေ့ကို Nau charpken ဟုခေါ်သည်။ တစ်နှစ်အတွင်းမွေးဖွားသည့် ကလေးတိုင်းကို ဆုတောင်းပေးသည့်နေ့ဖြစ်ပါသည်။ ကလေးရှိသော အိမ်ထောင်စုတိုင်းက မိမိတတ်နိုင်သရွေ့ ထမင်းကျွေးသည့် ပွဲလုပ်ပေးကြသည်။ ဘာသာရေးဆိုင်ရာ လူကြီးများနှင့် အုပ်ချုပ်ရေးဆိုင်ရာလူကြီးများက ဆုတောင်းပေးကြသည်။ ဝမ်းမြောက်ခြင်း အထိမ်းအမှတ်အနေနှင့် လက်ဆောင်များပေးကြပါသည်။

ဆဋ္ဌမနေ့။ THO ပွဲနောက်ဆုံးနေ့ဖြစ်ပါသည်။ နှစ်သစ်ကူးအစနေ့လည်းဖြစ်ပါသည်။ နှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ်ရွာသားများက ရွာအဝင် အထွက်လမ်းကို သန့်ရှင်းရေး ပြုလုပ်ကြသည်။ အိမ်တွင်ကျန်ခဲ့သော သူများက THO ပွဲအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းရေးပြုလုပ်ကြသည်။ နှစ်သစ်၊ လသစ်အစပြုသောနေ့ရက်ဖြစ်ပါသည်။

နောက်တစ်နေ့တွင် မိမိတို့ခွဲဝေရရှိသည့် တောင်ယာသို့ သွားရောက်ကြည့်ရှုပြီး အမှတ်အသားများ ပြုလုပ်ကြသည်။ ဤကဲ့သို့ အလုပ်လုပ်ချိန် တောင်ယာခုတ်ချိန်များ ပြန်လည်စတင်ကြပါသည်။

## ထားဝယ်ရိုးရာသပိတ်မျှောပွဲအကြောင်း

ထားဝယ်ဒေသတွင် ရိုးရာဓလေ့ပွဲများနှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိရာ ဒန်းကျွတ်ဘိမျှောပွဲ ဟုခေါ်သည့် သီတင်းကျွတ်သပိတ်မျှောပွဲသည်လည်း ထင်ရှားသည့်ပွဲတော်တစ်ခုဖြစ်ပါသည်။ ထားဝယ်လို ဒန်းကျွတ်ဘိမျှောပွဲဟုခေါ်သည့် ထားဝယ် သပိတ်မျှောပွဲသည် နှစ်စဉ်သတင်းကျွတ်လပြည့် နေ့တွင် ကျင်းပလေ့ရှိသည့် ထားဝယ်ရိုးရာ ယဉ်ကျေးမှုဓလေ့တစ်ခုပင်ဖြစ်ပေသည်။

သပိတ်မျှောပွဲဟူသည်မှာ ထေရဝါဒဗုဒ္ဓ ဘာသာဝင် ထားဝယ်သူ ထားဝယ်သားများအတွက် ရိုးရာယဉ်ကျေးမှုတစ်ရပ်ဟုဆိုပါက မှားမည်မဟုတ်ပါ။ တောင် သမုဒ္ဒရာတွင် ကြေးပြသာဒ်ဖြင့် စံပယ်လျက်ရှိသော ရဟန္တာအရှင်မြတ် ရှင်ဥပဂုတ္တအား ရည်စူး၍ ဆွမ်း၊ သစ်သီး၊ဆီမီး၊ပန်းစသည်တို့ကို ဆက်ကပ် လှူဒါန်းသည့်ပွဲဟု ဆိုလိုခြင်းပင်ဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်များသည် အလှူ ဒါနပွဲလမ်းပြုလုပ်သည့်အခါ လေပြင်းမုန်တိုင်း ကျရောက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ

ဖြစ်ပေါ်လာပါက မာရဒေဝ(မာရ်နတ်) ဖျက်ဆီးခြင်း ဖြစ်နိုင်သည်ဟု ယူဆလေ့ရှိကြသည်။ ထိုသို့ ဖြစ်ပေါ် လာပါက အရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ရှိခိုးပူဇော်ခြင်း၊ လျှောက်ထားတိုင်တည် ခြင်း တို့ကိုပြုလေ့ရှိပါသည်။ ဤသို့ပြုလုပ်ပါက မိုးရွာခြင်း၊လေပြင်းမုန်တိုင်းကျခြင်းမှလွတ်ကင်း သည်ဟုယုံကြည်ကြသည်။

ထားဝယ်ဒေသတွင်ဒူရကတိုင်း၊ အောင်သာ ဝတီပြည် ကလိန်အောင်မင်းဆက် လက်ထက် ကတည်းကပင် ရှင်ဥပဂုတ္တမထေရမြတ်အား ဆွမ်းတော်တင်လှူခြင်းကို ထားဝယ်မြစ်မှ တစ်ဆင့် ရေတွင်မျှော၍ပူဇော်ကိုးကွယ်သည့် ဓလေ့ရှိခဲ့သည်ဟုဆိုသည်။ထိုမှ ရေတွင်သပိတ်တော်ဖြင့် ဆွမ်းတော်မျှော၍ ရှင်ဥပဂုတ္တရဟန္တာအား တင်လှူသည့် ဓလေ့သည် ယနေ့ခေတ်အထိဆက်လက်တည် ရှိလာခဲ့သည်။သို့ဖြစ်၍ ထိုဓလေ့ကိုထားဝယ်ရိုးရာ ဓလေ့တစ်ခုအနေဖြင့် ထားဝယ်သူ၊ ထားဝယ်သား များသည် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ဝါတွင်းသုံးလကုန်ဆုံးပြီး၍ ဝါကျွတ်ချိန် သီတင်းကျွတ်လပြည့်နေ့ နံနက် အရုဏ်တက်ချိန်တွင် ရှင်ဥပဂုတ္တမထေရ်၏ ရဟန္တာအရှင်မြတ်အား ရည်စူး၍ အရုဏ်ဆွမ်းအနေဖြင့် ဆက်ကပ်လှူဒါန်း ကြခြင်းဖြစ်သည်။ ဆွမ်းခဲဖွယ်၊ သစ်သီး၊ ပန်းမန်၊ ဆီမီး၊ တံခွန်ကုက္ကားစုံလင်စွာဖြင့် သပိတ်ထဲတွင်ထည့်ကာ ထားဝယ် မြစ်အတိုင်း ပင်လယ် ထဲသို့မျှောလိုက်ကြပါသည်။

သီတင်းကျွတ်လဆန်း၁၄ရက်နေ့ညကတည်းကပင် သပိတ်မျှောသွားရန် အတွက် ထားဝယ်မြို့တစ်ခွင် အုန်းအုန်းကျွတ်ကျွတ်ဖြစ်နေကြပေပြီ။ တီးသံ မှုတ်သံများဖြင့် ခြိမ့်ခြိမ့်ညံလျက်ရှိသည်။ ဤသည်မှာ တောရောမြို့ပါ နေရာအနှံ့ပင်ဖြစ်၏။ အရုဏ်တက်ချိန် သပိတ်မျှောရန်အတွက် ညလုံးပေါက်ပြင်ဆင်ကြသည်။ ထားဝယ်မြစ်ကမ်းတစ်လျှောက် သပိတ်မျှောရန်အသုံးပြုသော သပိတ်များမှာ မြေသပိတ်များဖြစ်သည်။ ထိုမြေသပိတ်များကို ထားဝယ်မြို့၊ အိုးလောက်ပွန်ဟုခေါ်သော အိုးလုပ်ရပ်ကွက်မှပြုလုပ်သည်။

သပိတ်အိုးများကို တစ်လ၊ နှစ်လခန့်ကပင် ကြိုတင် ပြုလုပ်ထား ရသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်အရုဏ် တက်ချိန်တွင် ဆွမ်းချက်ကာ သပိတ်ထဲတွင် ဆွမ်း၊ ခဲဖွယ်၊ ပန်း၊ သစ်သီး၊ ဆီမီး၊ တံခွန်ကုက္ကား များကိုပြင်ဆင်၍ ထားဝယ်မြစ်ကမ်းရှိ သပိတ် မျှောရန် ပြင်ဆင်ထားသည့် နေရာများသို့ သပိတ်မျှောရန်အတွက် တဖွဲဖွဲ ရောက်လာကြ တော့သည်။ သပိတ်မျှောမည့်မြစ်ဆိပ်သို့ဆင်းရန် ဝက်ပါလျှောက်လမ်းတစ်ခုကို ဝါးများဖြင့် ဆောက်လုပ်ထားသည်။ မိသားစုလိုက်၊ အသင်း အဖွဲ့လိုက်၊ ရပ်ရွာလိုက်အစုအဖွဲ့များဖြင့် လာကြ သူများရှိသလို သူငယ်ချင်း မိတ်ဆွေများစသည့် ဖြင့် သပိတ်မျှောရန်လာကြသည်။ သပိတ်ထဲတွင် ထည့် သွင်းရန် ဆွမ်း၊ ခဲဖွယ်၊ သစ်သီး၊ ပန်း၊ ဆီမီး၊ တံခွန်ကုက္ကားများကို ကိုယ်တိုင် ပြင်ဆင်၍ လာရောက်ကြသူများရှိသလို အချို့ကလည်း သပိတ်မျှောပွဲကျင်းပရာ နေရာတွင် အဆင်သင့် ပြင်ဆင်ထားသော သပိတ်များကို ဝယ်ယူ၍လည်း ပူဇော်ကြသည်။ အချို့က သပိတ်မျှောရာသို့

အတီးအမှုတ် အကအခုန်များဖြင့် လာရောက် သပိတ်မျှောကြသည်။ ထို့ကြောင့် သပိတ်မျှောပွဲ ကျင်းပသည့်နေ့သည် ထားဝယ်သူ၊ ထားဝယ်သားများ မအိပ်သောညဟုဆိုကြသည်။ လမ်းတကာနေရာ အနှံ့ သပိတ်မျှောပွဲသွားသူ လာသူများဖြင့် စည်ကားလှပေသည်။ တီးမှုတ်သံဆိုသံများဖြင့် သောသောညံနေပေတော့သည်။ သပိတ်မျှောပွဲ ကျင်းပရာနေရာတွင် ဝက်ပါလျှောက်လမ်း တစ်လျှောက်သပိတ်ကိုယ်စီ ကိုင်ဆောင်ကာ တရွေ့ရွေ့သွားနေကြသည်ကို မြင်တွေ့နိုင်ပါသည်။ ထားဝယ်မြစ်ထဲတွင်ကား မျှောလိုက်သော သပိတ် များထဲရှိ ဆီမီးရောင်များဖြင့် ရှုမငြီးစရာ၊ ပီတိဖြစ်စရာ ကောင်းလှပေသည်။ ဆီမီးရောင် တန်းကြီးသည် ကွေ့ကာဝိုက်ကာတစ်မျိုး၊ စီတန်း လျက်တစ်ဖုံ မြစ်ရေပြင်ထဲတွင် မြူးတူး ပျော်ပါး နေသောနဂါးကြီး တစ်ကောင်အလား မြင်ကွင်းက ပသာဒရှိလှပေသည်။ သပိတ်မျှောသည့် အချိန်သည် အရုဏ်တက်ချိန်ဖြစ်ရသလို ဒီရေကျချိန်နှင့်လည်း အချိန်ကိုက် ဖြစ်ရပေသည်။


Take







ထိုမှသာ မျှောလိုက်သောသပိတ်မျှောများသည် ဒီရေအကျနှင့် ထားဝယ် မြစ်ရိုးတစ်လျှောက် မျှောပါကာ ပင်လယ်ဝမှတစ်ဆင့် သမုဒ္ဒရာထဲရှိ ရှင်ဥပဂုတ္တာ မထေရ်မြတ်ထံ ရောက်ရှိသွားသည်ဟု ယုံကြည်ကြသည်။

## ဒန်းကျွတ်ဟှာနွဲ့ဘိမျှောပွဲ

သမောက်ဒရာထဲမှာ စံမြန်းကာ
ဂိုးကီးပါတဲ့ ရှင်ဥပဂေါက်ဟှို

ဆွမ်းကွမ်းစောင်စွာ ဘိဟှားန
ပူဇော်ပါဟှယ်လေ ...

ပြန်းပြန်လာ ပြန်းပြန်လာ ဘိမျှောရာဟှို
သွားငွေ့ဇို့...

အိန်း အိန့် အိန်

နို့ဒဝယ်ရိုးရာ နှစ်တိုးသာ
ခွေါန်းကမ်းနားဂျောန်းမှာ ဆင်နွဲ့

တောရောဖြို့ပါ စယ်ဂါးဒိနေပါတယ်အေ...

အိုး နောက်ဝေး အိုး မယ်ဝေး ရိုးရာခလေ့ပွဲ ..

အိန်း အိန့် အိန်…

ဒန်းဂျွတ်ခါ အာရောင်ဒတ်

ဘိမျှောပွဲရှေးစင်လာ

ခလေ့ရိုးရာ မပျင့်ဘဲ ဆင်နွဲဂေ့
နို့ဒေဒဝယ်မှာ

မောန်ရင်ဒန် အီဒတ်ပွဲ အလှူတန်းန
ပွဲလမ်းဒေမှာ

ယောင်ယောင်ကြည်ကြည်
မိုးလေလွတ်အောန် စိမှန်းဘီး

ကိုးကွယ်နေဇ…

နယ်ကူဝါကူ ခြိုခြိုသဲ ညစ်လောင်းဘဲ့
လမ်းမဒေမှာ

အာရောင်မှီ ဘိဒေမျှော … တီးသံ မှုသံ
သယ်မျိုးဘဲ့ စယ်ဘန်မား …

သမုဒ္ဒရာထဲတွင် စံမြန်းတော်မူသော
ဘုန်းတန်ခိုးကြီးမားလှသည့် ရှင်ဥပဂုတ္တာ
ရဟန္တာအား ရည်စူးကာ ဆွမ်းကွမ်း
အစုံအလင်ပါဝင်သည့် သပိတ်ဖြင့် ပူဇော်
ပါသည်။ သပိတ်မျှောရာသို့
သွားကြရအောင် မြန်မြန်လာကြပါ။

တို့များထားဝယ်ရိုးရာ သပိတ်မျှောပွဲကို မြစ်ချောင်း ကမ်းနား တစ်ကြောင်းတွင် နှစ်တိုင်းဆင်နွှဲကြပါသည်။ တောရော မြို့ပါ စည်ကားလျက်ရှိသည်။ အို အစ်ကိုရေ၊ အို အစ်မရေ သပိတ်မျှောပွဲသည် ရိုးရာဓလေ့ပွဲတစ်ခုဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ပြုလုပ်သော သပိတ်မျှောပွဲသည် ရှေးအစဉ်အလာ ပွဲတစ်ခုဖြစ်ပါသည်။ ထားဝယ်ဒေသတွင် ရိုးရာဓလေ့မပျက် ဆင်နွှဲကြပါသည်။ ရှင်ပြုပွဲ၊ လက်ထပ်ပွဲ၊ အလှူပွဲ အစရှိသည့် ပွဲလမ်းသဘင်များတွင် မိုးလေ လွတ်ကင်းစေရန် ယုံကြည်စွာဖြင့် ရှင်ဥပဂုတ္တာမထေရ်မြတ်အား ကိုးကွယ်ပူဇော်ကြခြင်းဖြစ်ပါသည်။ နယ်လုံးအနှံ့၊ မြို့လုံးအနှံ့လမ်းမ

များတွင် နံနက်အရုဏ်အမီ သပိတ်မျှော်သွားရန် အတွက် လှူပ်လှူပ်ရှားရှား တီးသံမှုတ်သံ များဖြင့် စည်ကားနေပါသည်။

ဤတေးသီချင်းသည် ၂၀၁၉ခုနှစ်၊ ၇၂နှစ် မြောက်ပြည်ထောင်စုနေ့ညစာစားပွဲတွင်ထားဝယ် ရိုးရာ ယန်းအကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သော သီချင်းဖြစ်ပါသည်။

ထားဝယ်မင်းများလက်ထက် ခေတ် အဆက်ဆက်တွင် ကျင်းပလာခဲ့သော ရှင်ဥပဂု ရဟန္တာအား ရည်စူးပူဇော်သော သပိတ်မျှော်ပွဲသည် ယခု အခါ ထားဝယ် ရိုးရာ ဓလေ့တစ်ခုအနေဖြင့် ထားဝယ်ဒေသတွင် တည်ရှိနေပြီးဖြစ်သည်။ ယခင်က ထားဝယ်မြို့၏ ကျောက်တိုင်ဆိပ်၊ အောက်ကာစတန်ခေါ် သဘော်၊ စက်လှေ ကြီးများ ဆိုက်ကပ်သည့်ဆိပ်တွင် ကျင်းပပူဇော်ကြသည်။ နောက်ပိုင်းတွင် ထားဝယ်မြို့ ကြက်စားပြင်ရပ် မင်းရပ်ကူးတို့ဆိပ်၊ ဒေါင်းငူ-တံငါ (ယခု ကမ်းနားပန်းခြံအနီးရှိ) မြစ်ဆိပ်နေရာ စသည်

တို့တွင် မဏ္ဍပ်ဆောက်လုပ်ပြီး အတီးအမှုတ်၊ အကအခုန်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ မြို့လုံးကျွတ် ကျင်းပပူဇော်ခဲ့ကြသည်။ ယခုအခါတွင် ထားဝယ်မြို့ ကမ်းနားလမ်းရှိ သဲကွင်းနေရာတွင် သပိတ်မျှောပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပ ပါသည်။ ထားဝယ်မြို့အပြင် ထားဝယ်မြစ်ရိုး တစ်လျှောက် မြို့ရွာများတွင်လည်းကောင်း၊ ထားဝယ်မြစ်အတွင်း စီးဝင်သော ချောင်းများတွင်





လည်းကောင်း နေရာ အနှံ့အပြားတွင် စည်ကား သိုက်မြိုက်စွာ ပူဇော် ကျင်းပလာကြသည် ကို ကြည်နူးဖွယ်တွေ့ရပါ သည်။

ထားဝယ်သူ၊ထားဝယ်သားများ ဂုဏ်ယူ မြတ်နိုးစွာဖြင့် ထိန်းသိမ်းလာကြသော ယဉ်ကျေး မှုဓလေ့ရိုးရာပွဲတစ်ခုအဖြစ် ဆက်လက်တည်ရှိ နေမည်ဖြစ်ပါသည်။

# ယောဒေသ ဖိုက်ခြင်းတောင်းပွဲခေါ် (သို့) မိုးခေါ်ပွဲအကြောင်း

မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီတိုင်း လစဉ်ပွဲတော်များ ကျင်းပလျက်ရှိပါသည်။ ရှေးပဝေသဏီမှ ယနေ့မျက်မှောက်ကာလအထိ နှစ်စဉ်လစဉ် ကျင်းပလာခဲ့ကြသည်မှာ ရိုးရာယဉ်ကျေးမှု တစ်ရပ်ပင်ဖြစ်သည်။ သင်္ကြန်ပွဲတော်မှသည် တပေါင်းပွဲတော်အထိ ကျင်းပလာခဲ့ကြရာ အချို့သောပွဲတော်များသည် နေရာဒေသ၊ ထုံးတမ်း ဓလေ့အစဉ်အလာများကို မှီတည်ကာကျင်းပကြသည်။ အချို့သောပွဲတော်များသည် နေ့ရက်ကိုမှီတည်ကာ ဘာသာ၊ သာသနာ ဆိုင်ရာပွဲတော်များအဖြစ် ကျင်းပကြသည်။ အချို့မှာ မိရိုးဖလာနတ်ပွဲများဖြစ်ကြသည်။

မြန်မာနိုင်ငံသည် လူမျိုးပေါင်းများစွာ စုစည်းနေထိုင်သော ပြည်ထောင်စုဖြစ်ပေရာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဟူသော စကားကဲ့သို့ ကျင်းပကြသော ပွဲတော်များအမျိုးမျိုး ကွဲပြားကြပေသည်။

**ယောဒေသတွင်ထင်ရှားသောပွဲတော်များနှင့်ဓလေ့ များမှာ–**

သီတင်းကျွတ်လ (အောက်တိုဘာလ)တွင် ကျင်းပသော ဖယောင်းတောင်ချပွဲ၊ ဆီမီး တစ်ထောင်

ချပွဲ၊ မီးကြာလှည့်ပွဲ၊ သနပ်ခါးပါးတို့ပွဲ၊ အိုးစည်ပြိုင်ပွဲ၊ မသိုးသက်န်းယက်ပြိုင်ပွဲ၊ မီးပုံးပျံလွှတ်ပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ မိုးခေါ်ပွဲ(ခေါ်)ဖိုက်ခြင်းတောင်းပွဲများနှင့် အားဆော်ခြင်း ဓလေ့ (ခေါ်) လုပ်အားပေးဓလေ့၊ ရှင်ပြုပွဲများ၌ ရွဲ့တိုက်ခြင်းဓလေ့များသည် ယောဒေသ၏ လူသိ များ သော ရိုးရာယဉ်ကျေးမှု ပွဲတော်များနှင့် ဓလေ့များပင် ဖြစ်ကြသည်။

## ဖိုက်ခြင်းတောင်းပွဲခေါ် (သို့) မိုးခေါ်ပွဲ

ယောဒေသတစ်နယ်လုံးတွင် အဓိကအသက် မွေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး ဖြစ်ပါသည်။ လယ်ယာလုပ်ငန်း တစ်ဖက်နှင့် အားလပ်ချိန်လေး များတွင် မိန်းမကြီး/ ငယ်တို့မှာ ဗိုင်း၊ ချည်၊ ဝါယက် ကန်းလုပ်ငန်းများ ကြားညှပ်လုပ်ကိုင်ကြသည်။ ယခုအခါ မာစရိုက်ချည်ဖြင့် ချည်ချောချိတ်လုံချည် ထုတ်လုပ်သည့်လုပ်ငန်းများပါ လုပ်ကိုင်လာကြပါ သည်။ မိမိတို့ယောဒေသမှထွက်သော ဝါဖြင့် ဝါဖန်၊ ဝါကြိတ်၊ ဗိုင်းငင်၊ ချည်ချအထည် ယက်လုပ်ငန်းမှာမူ မိရိုးဖလာ လုပ်ငန်းဖြစ်ကာ အရွယ်ရောက်ပြီးသော မိန်းကလေးများမှာ ဗိုင်းငင်၊ ယက်ကန်းတတ်မြောက် ရသည်။

ယခုဖော်ပြလိုသော ပွဲမှာလည်း ယင်းဝါဖန် ဝါကြိတ်လုပ်ငန်းနှင့် နီးနွယ်လျက် ရှိပါသည်။ အချိန်မှာ





ဝါဆို ဝါခေါင်လဖြစ်ကာ ကောက်စိုက်ပြီးစကာလတွင် ဖြစ်ပါသည်။ ထိုနှစ်မိုးခေါင်သဖြင့် သည်ပွဲကို ကြည့်ရခြင်းဖြစ်ပါသည်။ ကောက်စိုက်ပြီး မိုးခေါင် သွားလို့မဖြစ်ရပါ။ရေသွင်းနိုင်သောလယ်များမဟုတ် ကြချေ။ မိုးကောင်းမှ ကောင်းကင်ကျ ရေကိုအားကိုး ရသော လယ်များဖြစ်ရာ မိုးမှန်စေလိုသည်။ ထိုသို့ မိုးရွာစေလိုသော ကြောင့်လည်း ထိုပွဲကို ကျင်းပခြင်း ဖြစ်ပါသည်။

ပွဲအမည်မှာ "မိုးခေါ်ပွဲ (သို့) ဖိုက်ခြင်းတောင်းပွဲ" ဖြစ်ပါသည်။ မိုးနတ်ကို တင်မြှောက်ပသ ပူဇော်သည့်ပွဲဖြစ်ပါသည်။ ကျေးလက်တောရွာများတွင် ပွဲလမ်းသဘင် ရှားပါးပါသည်။ ထို့ကြောင့်လည်း ထိုပွဲကို ကလေးသူငယ်မှအပ လူရွယ် လူလတ်ပိုင်းပါ မကျန် ကြည့်လိုသောပွဲဖြစ်သည်။ ညနေ နေဝင်ရီ တရောအချိန်ကပင်လျှင် အိုးစည်သံတစ်ထုံထုံ၊ လင်းကွင်း (ရကွင်း) သံတညံညံ ကြားနေရပြီ။

ကလေးများ ဟေးလား.....ဝါးလား...အော်ဟစ် မြူးတူးနေကြပြီ။ ဆိုင်းသံဗုံသံကြားလျှင် ထိုးထိုးတွန့်တွန့် ဖြစ်လာကြပြီ ဆိုရပါမည်။ "မိုးခေါ်ပွဲ (သို့) ဖိုက်ခြင်း တောင်းကပွဲ" ကျင်းပမည့် နေရာမှာ အလယ်လမ်း မကြီး လေးခုဆုံရာ ကွက်လပ်ဘေး ဇရပ်ကြီး တစ်ဆောင်အနီးတွင်ဖြစ်သည်။ ဇရပ် သို့မဟုတ်





ဝန်းကျင်မှ ဖျာပေါ်တွင် ငှက်ပျောဖီးဆိုင်နှင့် အုန်းသီး လှလှထည့်ထားသည့် ကန်တော့ပွဲများ အုန်းသီး ပေါ်တွင် ဖယောင်းတိုင်မီး ထွန်းထားသည်။

ကန်တော့ပွဲများ မနီးမဝေးတွင်မူ အောက်လင်း ဓါတ်မီးအိုးတစ်လုံး ထွန်းထားပါသည်။ အိုးစည်ဝိုင်း ကလည်း မြိုင်မြိုင်ဆိုင်ဆိုင်တီးနေကြပါသည်။ ရွာရှိ ရိုးရာမြန်မာ့ ဆိုင်းအဖွဲ့ကလည်း ပတ်စာရေစာ ပြင်ကြပြီ။ (ကိုယ့်ရွာ ကိုယ့်ဆိုင်းမရှိလျှင် ငှားရမည်) မြန်မာ့ဆိုင်းအဖွဲ့လည်း ဧည့်ခံတီးမှုတ်ဖျော်ဖြေကြပြီ။

ခဏအကြာတွင် ကြမ်းခင်းထားသော ဖျာများ ပေါ်တွင် ဝါဂွမ်းဖတ်ရာတွင် ထည့်စရာ အဖြစ်သုံးသော ခြင်းတောင်းရှည်ကြီးတစ်လုံးကို အလယ်မှာချကာ အမျိုးသမီးကြီးများ ဝိုင်းဝန်းပြင်ဆင်နေကြသည်ကို တွေ့ရသည်။ ထိုနေရာ ထိုအရာကား နတ်ဝင်မည့် နေရာပင်ဖြစ်တော့သည်။ (ဖိုက်ခြင်းတောင်း ဆိုသည်မှာ ဆေးလိပ်ဖိုများသဖွယ်ရှည်မျောမျော ယက်လုပ် ထားသော နှီးသေးသေးချောချောဖြင့် ယက်ထားသော အောက်အနည်းငယ် ကျဉ်းပြီး အဝတွင် အနည်းငယ် ပိုပြီး ကျယ်ကားနေသည့် ခြင်းတောင်းတစ်မျိုး ဖြစ်ပါသည်။ ဖိုက်ခြင်းတောင်းကရန် ပြင်ဆင်ကြ သောအခါ အဓိကမပါမဖြစ်သော အရာဝတ္ထုပစ္စည်း များမှာ-

၁။ဝါဂွမ်းဖတ်ရာတွင် အသုံးပြုသော ခြင်းတောင်း ရှည်ကြီးတစ်လုံး

၂။မိန်းမဝတ်များ (အင်္ကျီ၊ ထဘီနှင့် ခါးစည်း တံဘတ်စအဝတ်)

၃။သီးပန်း၊ သီးရွက် (မရပါက) နဘူးပန်း၊ နဘူးရွက်။

၄။ဝါပင်မှ ဆွတ်ယူထားသောဝါပေါက်၊ ဝါတွတ်၊ (ဂွမ်းအဖြစ်မရောက်မီ မူလ အခြေ အနေ)

၅။နံ့သာဖြူ/နီ၊ အမွှေးအကြိုင်များ ရိုးရာသနပ်ခါး စသည်တို့ မပါမဖြစ်လိုအပ်ပါသည်။

ဖိုက်ခြင်းတောင်းကို မိန်းမဝတ်များပတ်လျှက် ဝတ်ဆင်လိုက်ရပေသည်။ အမွှေးနံ့သာများ လိမ်းကျံ ပက်ဖျန်းပေးထားရသည်။သီးပန်း၊သီးရွက်(သို့မဟုတ်) နဘူးပန်း၊ နဘူးရွက်တို့ကို ခြင်းတောင်း၏ထိပ်(တောင်း ကိုမှောက်လျက်အနေထားဖြင့်)တွင် ထိုးစိုက် ချည်နှောင် ကြသည်။ ထိုပန်းတို့၏ အလယ်တွင် ဝါပေါက်၊ ဝါတွတ်ကို ထားရပါသည်။

အားလုံးပြင်ဆင်ပြီးသောအခါ မိုးခေါ်ပွဲ(ဝါ) ဖိုက်ခြင်းတောင်းပွဲကို ဦးဆောင် ကျင်းပမည့်သူသည် အုန်းငှက်ပျော၊ကန်တော့ပွဲကိုရှေ့မှာထားပြီး ဗုဒ္ဓမြတ်စွာ ဘုရားအား ဦးစွာကန်တော့ကာ နောက်ပိုင်း နတ်ပင့် ဂါထာရွတ်ဖတ်၍ နတ်ပင့်ပါသည်။ နတ်ဝင်မည့် ဖိုက်ခြင်းတောင်းကိုင် မိန်းမကြီး/ငယ်တို့ကား အသင့်

ဖြစ်နေရပါသည်။ ထိုဖိုက်ခြင်းတောင်းကို ကိုင်မည့် မိန်းမကြီး/ငယ်တို့သည် ကိုယ်ဝန်ဆောင်မိခင်များ မဖြစ်ရပါ။ ထိုသို့သတ်မှတ်ရခြင်းမှာ နတ်ဝင်ပူးခြင်း မရှိဟု အယူအဆရှိကြသောကြောင့်ဖြစ်သည်။

နတ်ပင့်ဆရာက နတ်ပင့်ခြင်း ပြီးဆုံးပါက တီးခတ်နေသောဆိုင်းအား ခေတ္တရပ်ဆိုင်းလိုက်ရသည်။ ဖိုက်ခြင်းတောင်းကိုင်မည့် အမျိုးသမီးများကလည်း နတ်ဝင်ကမည့် ဖိုက်ခြင်းတောင်း၏ အစွန်းကို လက်ဝါးဖြင့်ပင့်ကာ တင်ထားကြရပြီး ပတ်လည် ဝိုင်းထိုင်နေကြရပါသည်။ နတ်ပင့်ပြီးသော် နတ်ဆရာက မတ်တပ်ရပ်ပြီး အမွှေးနံ့သာ ရည်ဆွတ်ဖျန်းထားသော ခွက်ဖလားထဲမှ နံ့သာရည်ကို ဖိုက်ခြင်းတောင်းအား ပက်ဖျန်းလိုက်ပါသည်။ ထို့နောက် နတ်ဆရာမှ မိုးခေါ်ချေင်းကို တိုင်ပေးသည်။ ဖိုက်ခြင်းတောင်း ကိုင်အမျိုးသမီးများက သံပြိုင်လိုက်ဆိုကြပါသည်။

ပွဲကြည့်ပရိတ်သတ်များကလည်း စိတ်ပါနစ်မြောစွာ လိုက်ဆိုကြသည်မှာ ပွဲကျင်းပရာ ကွင်းတစ်ခုလုံးဟိန်းနေပါတော့သည်။ထိုသို့နတ်ဆရာကတိုင်ပေး ပြီး လက်ထဲမှ နံ့သာရည်များပက်ဖျန်းပါသည်။ ထိုအချိန်တွင် ဆိုင်းအဖွဲ့က အနားယူပြီး အိုးစည်ဝိုင်းအဖွဲ့မှ ညာသံများပေးလျက် တီးခတ်လိုက်ကြရာ အလယ်မှ

ဖိုက်ခြင်းတောင်းသည် ဘယ်ညာယိမ်းက လှုပ်ရှား လာပါတော့သည်။

ချေင်း
-တမင်သီ ရှင်ဇော်ဂျီ ဇော်ဂျီရှင်မ နတ်ကယ် တိမ်းပေတော့ ယိမ်းပေတော့။
-ဝါဖတ်လေး ဖြူတော်စင် ရွှေလက်တောက်နဲ့ငင် ဇော်ဂျီရှင်မ နတ်ကယ်တိမ်းပေတော့ တိမ်းပေတော့။
-သံပုရာခွံ၊ လမ်းမှာညွှံ ဒူးဆစ်မြုပ်အောင် ရွာပါ့မိုး၊ ရွာပါ့မိုး။
-လှေခါးဦး ကျွဲလူးရအောင် ရွာပါ့မိုး၊ ရွာပါ့မိုး။
-စားဖိုထောင့် ကြာပင်ပေါက်အောင် ရွာပါ့မိုး၊ ရွာပါ့ မိုး။
-ယက္ကန်းစင်၊ ပျိုလေးခင်၊ ချည်ခင်မျောအောင် ရွာပါ့မိုး၊ ရွာပါ့မိုး။
-အိမ်မိုးခေါင် မြုံးထောင်ရအောင် ရွာပါ့မိုး၊ ရွာပါ့မိုး။

နတ်ဆရာက တိုင်ပေးလိုက် နတ်ထိန်း (ဖိုက်ခြင်းတောင်းကိုင်) များက လိုက်ဆို လိုက်ဖြင့် အရှိန်ရနေချိန်မှာ နတ်ဝင်ပူးထားသည့် ဖိုက်ခြင်း တောင်းသည် ဘယ်ညာယိမ်းကခုန်ပေါက်လာပါ တော့သည်။ ဖိုက်ခြင်တောင်းကိုင်များကလဲ အလိုက် သင့်ထိန်း ပေးရလေသည်။
-ငါးပိကောင်၊ ငါးရှင်းဖြစ်အောင် ရွာပါ့မိုး၊ ရွာပါ့မိုး။
-ပေဖူးပေါ် ပေပင်ပေါက်အောင် ရွာပါ့မိုး၊ ရွာပါ့မိုး။

-ကောက်ပင်ညိုမြ၊ မမိုးခကို၊ရေရမြက်တင် ရွာစေချင်၊ ဇော်ဂျီရှင်မနတ်ကယ် တိမ်းပေတော့ ယိမ်းပေတော့။

ဖိုက်ခြင်းတောင်းသည် ပိုမိုအရှိန်ကောင်းစွာ ခုန်ပေါက်လာပါတော့သည်။ ဆိုင်းဝိုင်းက နတ်ဒိုးတီး ပေးပြီ။ နတ်ချင်းမှာမူ "ရွှေပုပ္ပါး၊ ရွှေပုပ္ပါးရယ်သာ၊ လာချင်ပါရဲ့ လေးဝ"ဟူသော တေးသွားပင်ဖြစ်ပါ သည်။ ပွဲကြည့်ပရိတ်သတ်များသည် နတ်ချင်း၊ နတ်ဒိုးသံတို့တွင် နှစ်မျောလေပြီ။ စိတ်တွေလှုပ်ရှား လာကြပြီး ကိုယ်တိုင်ဝင်ကကြ တော့သည်။ ထန်းရေ သောက်ထားသူများအဖို့ကား ပြောဖွယ်ရာမရှိတော့ ပြီ။ ကလေးသူငယ်များပါ အပျော်တွေကူးစက်ပြီး ဝင်ကကြပါလေတော့သည်။ မဖော်ပြနိုင်သော ဝမ်းသာပီတိဖြစ်မှုမျိုး ခံစားလာရပါသည်။ ကြက်သီးတွေ တသီတတန်း ပင်ထလာပါတော့သည်။

ယိမ်းယိုင်လှုပ်ခတ်နေသော ဖိုက်ခြင်းတောင်းမှာ အရှိန်လာသည်နှင့်အမျှ လမ်းမ ပေါ်သို့ဦးဆောင်ခေါ် ယူသွားတော့သည်။ အထိန်းတော် အမျိုးသမီးများမှာလဲ အလိုက်သင့် ခြံရံထိန်းပေးရင်း အိုးစည်၊ ဒိုးပတ်သံတွေ တမြိုင်မြိုင်ဖြင့် ရွှေ့လျားကာရှေ့သို့ဦးတည်ကာ ကခုန် လျက်ချီတက်ကြသည်။ ပွဲကြည့်ပရိတ်သတ်များ ကလည်း သစ်ကိုင်းသစ်ခက်တို့ကို ကိုင်ဆောင်အော်ဟစ် လိုက်ပါကြသည်။



ခပ်လှမ်းလှမ်းသို့ ရောက်လျှင်တော့ နတ်ဆရာမှ ပြန်လည်ပင့်ဖိတ်ပြီး သတ်မှတ်နေရာသို့ ခေါ်ဆောင်ကာ ကပြကြပြီး ဖိုက်ခြင်းတောင်း အလိုအလျောက် ငြိမ်သက်မှ မိုးခေါ်ပွဲပြီးမြောက်သည်ဟု ယူဆကြပါသည်။

မူလကျင်းပရန် သတ်မှတ်ထားသော နေရာတွင် နဘူးနွယ်ဖြင့် လွန်ဆွဲပွဲ ကျင်းပရန် ကျန်နေသေး

သည်။ ယောက်ျားလေးဆိုလျှင် ယောက်ျားချင်း၊ မိန်းမသားတို့လျှင် မိန်းမသားတို့ချင်း ကိုယ့်နှစ်သက်ရာ အစုအဖွဲ့ဖြင့် လွန်ဆွဲကြခြင်းဖြစ်သည်။

ထိုသို့ သုံးလေးကြိမ်ကပြခြင်းဖြင့် ညဥ့်နက်သည်အထိကျင်းပကြသည်။ ဖိုက်ခြင်းတောင်း နတ်မှာ မအောင်ဖြူဟုခေါ်ကြောင်း ရွာမှလူကြီးသူမများ ပြောကြားမှုဖြင့် သိရှိရပါသည်။ ဖိုက်ခြင်းတောင်းပွဲသည် ငွေကုန်ကြေးကျသိပ်မများပဲ ကလေး၊လူကြီးအားလုံး ပါဝင်ဆင်နွှဲနိုင်သော ကျေးလက်ရိုးရာပွဲတော်တစ်ခုပင် ဖြစ်ပါသည်။

# မွန်တိုင်းရင်းသားတို့၏အဆွေခင်ပွန်း(ပရဲ-ဗွာ) မိတ်ဖွဲ့ခြင်းဓလေ့

မွန်တိုင်းရင်းသားလူမျိုးများသည် အများအားဖြင့် တောင်သူလယ်သမားနှင့် ခြံလုပ်ငန်း (ရာဘာ)ဖြင့် အဓိက စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ တပို့တွဲ တပေါင်းလအချိန်ခါတွင် လယ်ယာလုပ်ငန်း ခွင်သိမ်းပြီးချိန် ရာဘာအစေးလျှီး ခေတ္တနားချိန်တို့တွင် အလှူဒါနများ ပြုလုပ်ခြင်း၊ ဘုရားပွဲတော်ကျင်းပခြင်း ဘုရားဖူးထွက်ခြင်းများ ပြုလုပ်လေ့ရှိကြပါသည်။ ဤသို့ပြုလုပ်ဆောင်ရွက်သည့်အခါ ရပ်ဝေးရပ်နီး ဧည့်သည်များ သွားလာလေ့ရှိကြပါသည်။ ရပ်ဝေး ရပ်နီးဧည့်သည်များနှင့်ကြုံဆုံခိုက်တွင် အဆွေခင်ပွန်း မိတ်ဆွေဖွဲ့ခြင်း မွန်ဘာသာဖြင့် (ပရဲ-ဗွာ) မိတ်ဖွဲ့ခြင်း ဓလေ့ရှိကြပါသည်။

(ပရဲ-ဗွာ)ဖွဲ့ရာတွင် တစ်ယောက်နှင့် တစ်ယောက် သာရေးနာရေးများ ကြုံဆုံလာသောအခါ ညီအစ်ကို မောင်နှမအရင်းပမာ ကူညီဆောင်ရွက်နိုင်ရန်ရည် ရွယ်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် ကွမ်းယာ အချင်းချင်း ဖလှယ်ပြီးစားခြင်း၊ သောက်ရေ ခွက်ထဲ သွေးဖောက်၍သောက်ခြင်း၊ ထမင်းဖိတ်ပြီး မိတ်ဆွေ ဖွဲ့ခြင်း စသည့်နည်းမျိုးစုံသစ္စာဆို၍ အဆွေခင်ပွန်း မိတ်ဖွဲ့လေ့ရှိကြပါသည်။





## (ပရဲ) ခေါ်ဆိုမိတ်ဖွဲ့ခြင်း

(ပရဲ)ခေါ်ဆိုမိတ်ဖွဲ့ခြင်းသည် မိန်းကလေး အချင်းချင်း (သို့မဟုတ်)မိန်းကလေးနှင့်ယောကျ်ား အဆွေခင်ပွန်းမိတ်ဖွဲ့ခြင်းကိုဆိုလိုသည်။ ဤသို့အဆွေ ခင်ပွန်းမိတ်ဖွဲ့ပြီးလျှင် မိမိတို့နှစ်ဦးစလုံး၏ အမည်နာမအရင်းအချာကို တစ်ဦးနှင့်တစ်ဦး ခေါ်ဝေါ်သုံးစွဲခြင်း မပြုတော့ဘဲ တစ်ယောက်နှင့်တစ်ယောက်ချင်ခင်စွာ (ပရဲ)ဟုသာ အပြန်အလှန်ခေါ်ဆိုကြလေတော့သည်။

## (ဇွာ)ခေါ်ဆိုမိတ်ဖွဲ့ခြင်း

(ဇွာ)ခေါ်ဆိုမိတ်ဖွဲ့ခြင်းသည် ယောကျ်ားလေး အချင်းချင်း အဆွေခင်ပွန်း မိတ်ဖွဲ့ခြင်းကို ဆိုလိုသည်။ (ဇွာ)ခေါ်ဆိုမိတ်ဖွဲ့ခြင်းသည်လည်း အထက်ကနည်းတူစွာ တစ်ဦးနှင့်တစ်ဦးအမည်နာမအရင်းအချာမခေါ်တော့ဘဲ (ဇွာ) ဟု ချစ်စနိုးခေါ်ဆိုကြလေတော့သည်။ (ပရဲ-ဇွာ)မိတ်ဆွေ ဖွဲ့ထားသောအဆွေခင်ပွန်းနှစ်ယောက် အချိန်တန် အရွယ်ရောက်အိမ်ထောင်ပြုပြီး သားသမီးများထွန်းကားလာသောအခါ တစ်ဦး၏ သားသမီးကို တစ်ဦးက (ကောန်သေဲ) ဆိုပြီး အလိုအလျောက်ခေါ်ဆို သွားကြပြန်သည်။ သားသမီးတို့ကလည်း မိဘများ၏ (ပရဲ-ဇွာ)တို့ကို အလိုအလျောက် (အပါသေဲ)၊ (မိသေဲ) ဆိုပြီး မိဘအရင်းသဖွယ် သဘောထားပြီး ရိုရိုသေသေခေါ်ဆိုကြသည်မှာ ချစ်စဖွယ်ကောင်းသော မွန်တို့၏ အဆွေခင်ပွန်း (ပရဲ-ဇွာ) မိတ်ဆွေဖွဲ့ခြင်းဓလေ့ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# ရခိုင်မျိုးနွယ်စုဝင် ခမီတိုင်းရင်းသားလူမျိုးတို့၏ လက်ထပ်မင်္ဂလာ ထိမ်းမြားခြင်းဓလေ့

## ရုပ်ဆင်းပုံပန်းသွင်ပြင်

ခမီလူမျိုးတို့၏ ပုံပန်းသွင်ပြင်မှာ-ချင်း၊ မြို၊ ရခိုင်လူမျိုးတို့၏ ပုံပန်းသဏ္ဌာန်နှင့် တူ၍ အသားဝါ အုပ်စုဝင်များဖြစ်ကြသည်။ အရပ်အမောင်းမှာနိမ့်သည်။ သို့သော် ပုလွန်းသည်ကားမဟုတ်ပေ။ အရိုးအဆစ်မှာ တောင့်တင်းခိုင်မာပြီး ယောကျ်ားရော မိန်းမပါမကျန် ကျစ်လစ်သောခန္ဓာကိုယ်များရှိကြသည်။ မည်းနက်သောမျက်ခုံး၊ တောက်ပြောင်သော မျက်လုံးများရှိပြီး အနည်းငယ်ပိပြားသော နှာတံ၊ ကျယ်သောပါးစပ်၊ တောင့်တင်းခိုင်မာသော ပါးရိုးရှိသည်။ ထို့ကြောင့် ခမီတို့၏မျက်နှာသည် ဝိုင်း၍ နှာတံ ပိပြားပြီးလျှင် ပါးစပ်ကျယ်၍ ခိုင်မာပေါ်လွင်သော မေးရိုးရှိသည့် မျက်နှာမျိုးဖြစ်သည်။ အသားအရောင်မှာ အသားဝါအုပ်စုဝင်များဖြစ်၍ မဖြူမညိုသော အသားအရည်မျိုးရှိပြီးလျှင် မဲနက်သော ဆံပင်များရှိသည့် လူမျိုးဖြစ်သည်။

## နေထိုင်ရာဒေသ

ခမီလူမျိုးများသည် တောတောင်ထူထပ်သော အရပ်ဒေသ၊ မြစ်ချောင်း၊ အင်း၊ အိုင် အနီးအပါး၊

အေးမြသော ရာသီဥတုဒေသများတွင် နေထိုင်ကြသည်။

## ဓလေ့ထုံးစံ
## အပျို/လူပျိုဖော်ဝင်ခြင်း

ခမီလူမျိုးတို့တွင် ယောက်ျားကလေး ၊ မိန်းကလေး အသက်(၁၂)နှစ်ရှိလျှင် အပျို/လူပျိုဖော်ဝင်ရသည်။ လူပျိုဖော်ဝင်ခြင်း၊ အပျိုဖော်ဝင်ခြင်းတို့တွင် လူပျိုခေါင်း၊ အပျိုခေါင်းအား လက်ဆောင်ပေး ရခြင်းမရှိချေ။ လူပျိုဖော်ဝင်သူအား လူပျိုခေါင်းက လူပျိုအတတ်ပညာခေါ် လုပ်ငန်းကိုင်ငန်းများကို သင်ပေးသည်။ အပျိုခေါင်းကလည်း အပျိုဖော်ဝင်သူမိန်းကလေးအား ယက္ကန်းပညာ သင်ကြားပေး သည်။

## လူပျိုလှည့်ခြင်း

လူပျိုလှည့်ခြင်းအလေ့ရှိသည်။ လူပျိုသည် ညအချိန်တွင် အပျိုအိမ်သို့သွားပြီး အိမ်အောက်မှနေ၍ စောင်း၊ ချည်ခေါင်းတို့ဖြင့် အပျိုအား မိမိတို့ဓလေ့အတိုင်းခေါ်၍ လူပျိုစကားပြောသည်။ အပျိုက လက်ခံ၍ သင့်တင့်လျှင် ချစ်ကြိုက်ကြသည်။ လွတ်လပ်စွာ ချစ်ရေးဆိုခွင့်ရှိသည်။ ချစ်ကြိုက်လျှင်

ခိုးယူသော ဓလေ့လည်းရှိသည်။ ဆိုပြောသော ဓလေ့လည်းရှိသည်။ ခိုးယူလျှင်လည်း မိန်းမဘက်မှလာ၍ အသွင်းတောင်းလေ့ရှိသည်။ အသွင်းမပေးကမ်းမီ သမီးကို သိမ်းယူနိုင်သည်။









## သမီးဆိုခြင်း

သမီးဆိုရန်သွားသောအခါ လူကြီးစုံရာနှင့် သမီး (လုံမပျို)အိမ်သို့ သွား၍ လုံမပျို မိဘနှင့်ဆွေမျိုးတို့ထံ သမီးတောင်းခြင်းကိုပြုလုပ်ရသည်။ သမီးတောင်းခြင်းသွားရာတွင် ပစ္စည်းပစ္စယယူရန်မလို၊ သမီးရှင် (လုံမပျို)ဘက်မှ သဘောတူလျှင် အသွင်းတောင်းသည်။ အသွင်းတောင်းရာ၌ ငွေသားဒင်္ဂါးသုံးဆယ်၊ လုံတစ်စင်း၊ ဒါးမကြီးတစ်စင်း၊ ဒါးရှည်သုံးစင်း၊ ဒါးတို

လေးစင်းတောင်းသည်။ သတို့သားဘက်မှ ယခင်က ကြွေးဟောင်း မြီဟောင်းရှိလျှင် ထိုကြွေးဟောင်း မြီဟောင်းအား သတို့သမီးဘက်သို့ ဆပ်ပေးရသည်။ ကြွေးမြီဆိုသည်မှာ ဘိုးဘွားလက်ထက်ကရှိခဲ့သည်မှ စ၍ ဆပ်ပေးရသည်။ ဆပ်ပေးခြင်း မရှိလျှင် သတို့သမီးအား လက်ထပ်ခွင့်မရပေ။

## သမက်တက်မင်္ဂလာဆောင်ခြင်း

စေ့စပ်ခြင်းပြီးလျှင် သမက်တက်မင်္ဂလာဆောင်ပွဲပြုလုပ်သည်။ အသွင်းပစ္စည်းအဖြစ် ငွေသား ဒင်္ဂါးသုံးဆယ်၊ လှံတစ်စင်း၊ ဓါးမကြီးတစ်စင်း၊ ဓါးရှည်သုံးစင်း၊ ဓါးတို လေးစင်းကို လူကြီးစုံရာနှင့် ယူသွားရသည်။ မင်္ဂလာပွဲလူစုံလျှင် ခေါင်ဖွင့်ရသည်။ ယင်းခေါင်ကို ခမီဘာသာ "ခေမာကာဆေယု" ဟု ခေါ်သည်။ မင်္ဂလာခေါင်ပင်ဖြစ်သည်။ ယင်းခေါင်ကို လက်ထပ်ခြင်းမပြုမီ ပြုလုပ်ရသည်။ ခေါင်ကို သမီးရှင်သတို့သမီးဘက်မှ စ၍ဖွင့်ရသည်။ ခေါင် သောက်ပွဲတွင် ရန်ဖက်ရန်သူဖြစ်စေကာမူ သတ်ပုတ်ခြင်း၊ ရန်ဖြစ်ခြင်း မရှိရ။ ငြိမ်သက်စွာဖြင့် သောက်ကြရသည်။ ခေါင်သောက်ပွဲပြီးလျှင် မင်္ဂလာသတို့သား သတို့သမီးကို လက်ထပ်ပေးသည်။ ပြီးလျှင် မီးပွဲပြု

လုပ်သည်။ စားပွဲတွင် ထမင်းပွဲ၊ ဟင်းခွက်၊ ငါးခွက်များဖိတ်စင်ခြင်းမရှိစေရ။ မဖိတ်မစင်အောင်စားကြရသည်။ ဖိတ်စင်က အိမ်ထောင်ပျက်တတ်သည်ဟု အယူရှိသည်။ မင်္ဂလာဆောင်တွင် အသွင်းကို အကြွေးထားနိုင်သည်။ သမက်တက်နေ့ ညတွင် သတို့သမီးအား သတို့သားအိမ်သို့ အခြံအရံနှင့် ပို့ရသည်။ ထမင်းကျွေးရာတွင် ကြက်သား၊ ဝက်သား၊ ဘဲသားစသည်ဖြင့် အစဉ်လိုက်၍ ကျွေးရသည်။ သတို့သမီးဖခင်နှင့်သတို့သားဖခင်နှစ်ဦး မစားပဲ ကျန်ရသည်။ ဧည့်ပရိတ်သတ် ကျွေးမွေးပြီးမှသာ သတို့သားဖခင်က သတို့သမီးဖခင်ကို ထမင်းတည်ခင်းကျွေးမွေးရသည်။ ဤသို့ကျွေးမွေးရခြင်းမှာ သတို့သမီးဘက်က သတို့သားဘက်ထက် မြင့်သည်ဟု အယူရှိသောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် မင်္ဂလာပွဲပြုလုပ်ခြင်း ပြီးမြောက်သည်။

## ပွဲဖြုတ်ပွဲကျင်းပခြင်း

သမက်တက်မင်္ဂလာပွဲ ပြီးဆုံးသွားသော်လည်း ပွဲသို့လာရောက်သော ပရိတ်သတ်မပြန်သဖြင့် ပွဲဖြုတ် ပွဲပြုလုပ်ရသည်။သတို့သမီးဘက်မှ ကြက်သတ်၍ လည်းကောင်း၊ သတို့သားဘက်မှဝက်သတ်၍ လည်းကောင်း

ချက်ပြုတ်ကျွေးမွေးရသည်။ ထိုသို့ကျွေးမွေးလိုက်သောအခါမှသာ ရပ်ဝေးရပ်နီးဧည့်ပရိတ်သတ်များ ပြန်သွားကြလေသည်။

## ဧည့်နှင်ပွဲကျင်းပခြင်း

ပွဲဖြုတ်ပွဲ ကျင်းပကျွေးမွေးသောအခါ ရပ်ဝေးရပ်နီးပရိတ်သတ်များ ပြန်သွားကြသော်လည်း ဆွေမျိုးရင်းများနှင့် မိတ်သင်္ဂဟများ ပြန်မသွားကြသဖြင့် ဧည့်နှင်ပွဲကျင်းပပေးရသည်။ ခမီတို့၏ ဧည့်နှင်ပွဲကား ပျော်စရာကောင်းသော ပွဲဖြစ်လိမ့်မည်။ ဧည့်နှင်ပွဲတွင် ပေါင်းအိုးကြီးတစ်လုံးကို ဆုံပေါ်တွင်တင်၍ သီတံကို ဝါးဆစ်ဖောက်ကာ ထိုးထားကြပြီး သူသောက်နိုင်ငါသောက်နိုင် လုပွဲပြုလုပ်သည်။ ခေါင်အိုးကြီးတွင် ရေကို ထည့်နိုင်သမျှထည့်ပေးပြီး သောက်သူက ကုန်အောင် လေတစ်မှုတ်အတွင်း သောက်ရသည်။ ရေမကုန်လျှင် လျော်ပေးရသည်။ ရေကုန်လျှင် အိမ်ရှင်က တံဆိပ်တစ်ခု ပေးရသည်။ တံဆိပ်ဟူသည် ရေစိမ်ထားသော နနွင်းရေကို လက်နှင့်တို့၍ မျက်နှာ တွင် တို့ပေးလိုက်ခြင်းဖြစ်သည်။ ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် သောက်လိုက် တို့ပေးလိုက်ဖြင့်

သောက်နိုင်သူ အလျော်ပေးလိုက်သဖြင့် ပျော်ရွှင်စွာ သောက်စား၍ ပြီးဆုံးမှသာ ပြန်သွားကြရလေသည်။

## မဏ္ဍပ်ဖြုတ်ပွဲ

မင်္ဂလာဆောင်ပွဲတွင် ဆိုခဲ့သောပွဲများအတိုင်း ပွဲများပြီးဆုံးသွားသောအခါ နောက်ဆုံး၌ မဏ္ဍပ်ဖြုတ်ပွဲကျင်းပပေးရသည်။ ယင်းပွဲတွင်လည်းခေါင်၊ အရက်၊ ကြက်တို့ပါရသည်။ တပျော်တပါး စားသောက်ရပြီး မဏ္ဍပ်ကို ဖြုတ်ပြီးမှသာမင်္ဂလာပွဲ ပြီးဆုံးခြင်းသို့ ရောက်သည်။

ယခုရေးသားတင်ပြသော အကြောင်းအရာများသည် ရခိုင်မျိုးနွယ်စုဝင် ခမီ တိုင်းရင်းသားလူမျိုး ရခိုင်ပြည်နယ်ယဉ်ကျေးမှုဌာနခွဲ တိုင်းရင်းသားလူမျိုးများ၏သမိုင်း ကြောင်းနှင့်ယဉ်ကျေးမှု ဖော်ထုတ်ရေးအဖွဲ့ခမီလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ လေ့လာတွေ့ရှိချက် စာတမ်းစာအုပ်မှ ကောက်နုတ်ရေးသား တင်ပြရခြင်းဖြစ်ပါသည်။

# "အင်း"တိုင်းရင်းသားလူမျိုးများ၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ

လှေကိုလက်ဖြင့် မလှော်ဘဲခြေဖြင့်လှော်သည့် ယဉ်ကျေးမှုတစ်ရပ်ကြောင့် အင်းသား လူမျိုးစုများကို လူသိများကြသည်။ ထို့အတူအင်းလူမျိုးများနေထိုင်ရာ ဒေသရှိ အင်းလေးကန်နှင့် ဖောင်တော်ဦး ဘုရား များကြောင့်လည်းလူသိများခြင်းဖြစ်သည်။ အင်းလူမျိုး အများစုမှာရှမ်းပြည်နယ်တောင်ပိုင်း၊ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်ဝန်းကျင်တွင် အဓိကနေထိုင်ကြပြီး ရပ်စောက်၊ တောင်နီ၊ ဘီလူးချောင်းမှတစ်ဆင့် မိုးဗြဲ ၊ ဖယ်ခုံ ဒေသများတွင်လည်း ပျံ့နှံ့နေထိုင်ကြောင်း သိရ သည်။

ပါးစပ်ရာဇဝင်များအရ အင်းသားလူမျိုးစုများသည် ထားဝယ်အဆက်အနွယ်များဖြစ်ပြီး အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာမှ အင်းလေးဒေသသို့ ရောက် ရှိခဲ့ရာတွင် နောက်တော်ပါ ထားဝယ်သားအချို့ကို ဤဒေသ၌နေရာချထားခဲ့ရာတွင် နန်းသဲ၊ ဟဲယာရွာမ၊ ရွာကြီးပန်းပုံနှင့် နန်းပန်နောင်တောဟူသော ရွာကြီး လေးရွာကို စတင် တည်ထောင်နေရာချထားပေးခဲ့

သည်။ ထိုမှ အင်းလေးရွာဟု ခေါ်တွင်ခဲ့ကြသည်။ ခေတ်သစ် သမိုင်းသုတေသီများကမူ အင်းသားလူမျိုးစု များသည် ပုဂံသား-မြန်မာများဖြစ်ကြောင်း ၉ ရာစု လောက်မှစပြီး မြန်မာပြည်မြေပြန့်ဒေသဘက်သို့ ဆင်းလာကြသော တိဘက်-မြန်မာမျိုးကွဲအာသံ မြန်မာလူမျိုးစိတ်အစု ခြောက်စုအနက်မြန်မာအစုတွင် ပါဝင်သော လူမျိုးများဖြစ်ကြောင်း၊ မြေပြန့်သို့ဆင်း လာရာတွင် လိုက်ပါမလာကြဘဲအင်းလေးဒေသဘက် သို့ထွက်ခွာနေရစ်ခဲ့ရာမှ အင်းသားလူမျိုးများအဖြစ် ပေါ်ပေါက်လာကြောင်း ပြောဆိုကြသည်။ အလောင်းစည်သူမင်းသည် အင်းလေးသို့ တိုင်းခန်း လှည့်လည်ရောက်ရှိခဲ့သည်ဟု ယူဆကြသည်မှာ တန်ခိုးကြီးဖောင်တော်ဦးဘုရား ငါးဆူသည် ထိုမင်းတရားကြီး၏ ဖောင်တော်ဦး၌တင်၍ ပူဇော် ခဲ့သောဘုရားများဖြစ်သည်။ အင်းလေးအနောက်ဘက် ကမ်းရှိဖောင်တော်ရွာမှ ဘုရားနှင့် ဘုရားခေါင်တိုင်ရွာ အနီးရှိ ကွန်းတောင်ဘုရားသည်လည်း အလောင်း စည်သူမင်းကြီး တည်ထားခဲ့သော ဘုရားဖြစ်သည်။ ညောင်ရွှေ အနောက်ဘက်တွင် ချောင်းမဟုခေါ်သော ချောင်းရှိရာ ထိုချောင်းတွင်ဖောင်တော်ဆိုက်ဆိပ်၊

ဖောင်တော်ပြန်ဆိပ်ဟူ၍အမည်ခေါ်တွင် သောနေရာများဖြစ်သည်ဟု ယခုထက်တိုင် လက်ခံယုံကြည်ကြခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် သလဲဦးရွာနှင့် အင်းအလယ်ဗိုလ်တဲ ကြားရေအောက်တွင် ပုဆိုးတစ်ပတ်ခန့်လုံးပတ်ရှိသော နန်းတော်(သို့မဟုတ်) အိမ်တော် တိုင်များရှိခဲ့ရာ၊ မင်းတစ်ပါးစံမြန်းခဲ့သည့်နေရာဟုအယူရှိကြ၍ ထိုနေရာကို အင်းသူအင်းသားများဖြတ်သန်းသွားလာခြင်းမပြုကြချေ။ မည်သို့ပင်ဆိုစေကာမူအင်းသား လူမျိုးများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော ရှမ်းတိုင်းရင်းသားအစုတွင်ပါဝင်သော တိုင်းရင်းသားမျိုးနွယ်များဖြစ်ပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေရှိသော တိုင်းရင်းသားများပင်ဖြစ်သည်။ အင်းသားလူမျိုးတို့သည် ညောင်ရွှေမြို့မှစ၍ အင်းလေး၏အရပ်ရှစ်မျက်နှာတစ်ဝိုက်တွင် ပျံ့နှံ့နေထိုင် လျက်ရှိသည်။ ညောင်ရွှေမှ ကယားပြည်နယ်လွိုင်ကော်မြို့အထိ၊ ဘီလူးချောင်းတစ်လျှောက် ဘေးတစ်ဖက်တစ်ချက်၌လည်း အင်းသားလူမျိုးများကို တွေ့ရသည်။ ၁၉၅၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးဌာန၏ အစီရင်ခံစာအရဆိုလျှင်အင်းသားလူမျိုးစုစုပေါင်းရှစ်သောင်းခန့်ရှိသည်ဟုသိရသည်။

အင်းလူမျိုးများအကြောင်း ဖော်ပြရာ၌ အင်းလေးကန်သည် မပါမဖြစ်သောအရာဖြစ်သည်။ အင်းလေးကန်သည် မြန်မာနိုင်ငံရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့အနီးတွင် တည်ရှိသည်။ မြစ်ကြီးနားခရိုင်ရှိ အင်းတော်ကြီးမှလွဲလျှင် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးကန် ဖြစ်သည်။ တောင်နှင့်မြောက်တန်းလျက်ရှိသော တောင်တန်းကြီး ( ၂ ) ခုကြားတွင် ခွက်ဝင်နေသော ညောင်ရွှေ ချိုင့်ဝှမ်းကြီး၏အလယ် အနက်ရှိုင်းဆုံးအပိုင်း၌ တည်ရှိသည်။ လောပိတတွင်ရှိသော(တစ်ချိန်က အရှေ့တောင် အာရှတွင် အကြီးဆုံးဖြစ်ခဲ့ဖူးသည့်)ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံအတွက် အဓိကကျသော ရေအရင်းအမြစ်သဘာဝ ရေလှောင်ကန်လည်းဖြစ်သည်။ အင်းလေးရေပြင်ပေါ်တွင် ရွာကြီး၊ ရွာငယ်များ တည်ဆောက်ထားသည်။ အင်းလေးဒေသ နန်းဟူရွာ ဖောင်တော်ဦးဘုရားသည် တန်ခိုးကြီးဘုရားအဖြစ် ထင်ရှားကျော်ကြားသည်။ အင်းလေးကန်၏ အကျယ် အဝန်းမှာခန့်မှန်းချေ ၄၄.၉ စတုရန်းမိုင် (၁၁၆ စတုရန်း ကီလိုမီတာ)ခန့်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၀၀ပေ(၈၈၀မီတာ)တွင်တည်ရှိသည်။ ခြောက်သွေ့

သောနွေရာသီတွင် အနက် ၇ပေ(၂.၁ မီတာ)ခန့်ရှိပြီး ရေနက်သောနေရာတွင် ၁၂ ပေ (၃.၇)မီတာခန့်ရှိသည်။ မိုးရာသီတွင် ၅ ပေ(၁.၅မီတာ) ရေမျက်နှာမြင့်တက်သည်။ အင်းလေးကန်သည်တောင်ပေါ် အင်းအိုင်ကြီး တစ်ခုဖြစ်ပြီး တောင်နှင့်မြောက်အလျား (၉)မိုင်ခန့် ရှည်သည်။ အကျယ်ဆုံးနေရာ၌အရှေ့နှင့် အနောက် (၃)မိုင်ခွဲရှိသည်။ ကန်သည် နမ်ပီလူးခေါ်ဘီလူးချောင်းတွင်းမှ ဖြတ်၍ တောင်ဖက်စွန်းမှ စီးထွက်သွားသည်။

အင်းလေးဒေသတွင်နေထိုင်သော အင်းသားတို့သည် ဗုဒ္ဓဘာသာကိုယုံကြည် ကိုးကွယ်ပြီး ဘာသာတရားအလွန်ကိုင်းရှိုင်းသူများဖြစ်ကြပါသည်။ အင်းလေးဒေသ တွင်အင်းသားတို့သည် မြန်မာ စကားကိုပင် သုံးနှုန်းပြောဆိုကြသည်။ သို့သော် အသံခံဝဲသည်။ တရပ်တည်းတစ်ရွာတည်းနေထိုင်ကြသော အင်းသားများ၏ စကားသံများသည်တူညီကြ၏။ တစ်ရွာနှင့် တစ်ရွာစကားပြောရာတွင် အနေးအမြန်၊ အလေးအပေါ့ အသံထွက်များအနည်းငယ်စီကွာခြားသွားကြ၏။သို့သော်တစ်ဦးပြောသော စကား ကိုတစ်ဦးနားလည်နိုင်သည်။ အင်းသားတို့သည် မြန်မာ “ဇ” သံကို “စ” သံဖြင့် “သ” သံကို “ဆ” သံဖြင့် လည်းကောင်း

ပြောဆိုကြသည်ကိုတွေ့ရ၏။ ပုံစံအားဖြင့် "ဇာ" ကို "စာ"၊ "ဇွန်း" ကို "စွန်း"၊ "သွား" ကို "ဆွား"၊ "သမီး" ကို "ဆမီး" ဟုပြောကြ၏။ အချို့စကားလုံးများတွင် မြန်မာစကားကို အတိုကောက်ပြောသည်ကို တွေ့ရသေး၏။ ပုံစံမှာ "ထမင်း" ကို "မန်း"၊ "လက်သမား" ကို "လက်မား"၊ "သခွားသီး"ကို "ခွားသီး" ဟုခေါ် ကြ၏။ အချို့အင်းစကားများမှာ မြန်မာစကားနှင့် လုံးဝမတူချေ။ ပုံစံအားဖြင့် ပြရပါမူ "တိုက်သူကြီး" ကို "ထမုန်"၊ "လှေကိုခြေထောက်ဖြင့်လှော်သည်" ကို "ခေပယ်ကောက်" ဟုပြောပြ၏။ အင်းလေးကန်၏ အရှေ့ပိုင်းမှ ရွာများ၏ စကားနှင့် အနောက်ပိုင်းရွာများ၏ စကားများသည် လေယူလေသိမ်းပြောဆိုပုံခြင်းအနည်းငယ်မျှ သာကွာသော်လည်း အချို့အသုံးအနှုန်းများတွင် မူလုံးဝကွဲပြားခြားနားကြသည်။

**အင်းအမျိုးသား**တို့သည်အရှေ့တောင်အာရှသားများဝတ်ဆင်သော အင်္ကျီနှင့်ဆင်တူသော တိုက်ပုံအင်္ကျီနှင့်ဘောင်းဘီကို ဝတ်ဆင်ကြသည်။ တိုက်ပုံတွင်ရင်စေ့ကို သာမန် ချိန်တွင်ဝတ်၍ မင်္ဂလာပွဲနှင့် ပွဲထိုင်တွင် ရင်ဖုံးခါးပတ် ဝတ်စုံကို ဝတ်ဆင်ကြသည်။

ရိုးရိုးအိမ်နေ ထသွားထလာတွင် ဝါ၏မူလ ဝါနီရောင်ကို ဗိုင်းငင်ယက်လုပ်၍ ဝတ်ဆင်ကြသည်။ မင်္ဂလာပွဲနှင့်ပွဲထိုင်များတွင် ပိုးဖြင့်ယက်ကာ ဝါနီရောင်ပိုးဖျင်များဝတ်ဆင်သည်။ သာသနာအခမ်းအနားများတွင် အဖြူရောင်ပိုးဖျင်ဖြင့် ဝတ်ဆင်သည်။ ယခုအခါ လက်ယက်ထည်များ ရှားပါးလာ၍ ဘုရားဆွဲလှေလှော်ရာတွင် ဝါနီရောင်စက်ယက်ချည်ထည်များ ဝတ်ဆင်ကြသည်။

အင်းအမျိုးသမီးတို့သည်အင်္ကျီကိုရင်ဖုံးခါးပတ်စုံဘေးတွဲလက်ရှည်ပုံကို ပွဲတက်ဝတ်ကြသည်။ ပိတ်စမှာ ရှေးယခင်ကလက်ယက် ဝါနီဝါဖြူတို့ကို ထသွားထလာ အိမ်နေဝတ်ကြသော်လည်း ပွဲတက်ရာတွင် ပိုးဖြင့်ချုပ်ဝတ်ကြသည်။ ယခုခေတ်ကာလတွင် အထည်စ မျိုးစုံချုပ်ဝတ်လာကြသည်။

အမျိုးသမီးလုံချည်များမှ ရှေးယခင်က သစ်ခေါက်ဆိုးနီညိုခံတွင် တိုင်စည်းဖြူ၊ အဝါအမှောက်အနားတွင် အနီးလှိုင်းသေး ဟတ်ယာလုံချည်ကို ဝတ်ဆင်ကြသည်။ ဟတ်ယာလုံချည်တွင် စည်းစုပေါက်စု သုံးစဉ်လေးစဉ်ဟူ၍ အဆင့်နှစ်မျိုးရှိသည်။

စည်းစုပေါက်စုအဆင်တွင် စည်းစိပ်စိပ်ဖြင့် စည်းတို့သည်အလယ်တွင် စုနေသည်။ စည်းစု ပေါက်စု အဆင်ကို အလှူမင်္ဂလာပွဲများတွင် ဝတ်ဆင်ကြသည်။ အထူးအဖြင့် ပိုးစစ်စစ်(သို့)ပိုးချည်ရော ဖြင့် ယက်လုပ်သည်။




၂၀၁၈ ခုနှစ်မတ်လ



# (စည်းစုပေါက်စု)





သုံးစဉ်လေးစဉ်အဆင်သည် စည်းကိုခပ်ချဲချဲစည်းသည်။ စည်းအဆင်သည်သုံးစဉ် တစ်လှည့်လေးစဉ် တစ်လှေ ခပ်ကျဲကျဲခပ်ထားသည်။ ထသွားထလာ ဝတ်ကြသဖြင့် ချည်ဖြင့်ပင်ယက်လုပ်ကြသည်။ အင်းသားများ၏ အင်းလေးဒေသသည် ရှေးယခင် မြေရှင်ပဒေသရာဇ်ခေတ်၊ နယ်ချဲ့အင်္ဂလိပ်ခေတ် ကတည်းကမြေပြန့်သားများနှင့် ကူးလူးဆက်ဆံမှုများခဲ့သည်။ ယခုခေတ်ကာလတွင်မြန်မာနိုင်ငံ၏ နိုင်ငံခြားခရီးသွားလုပ်ငန်းတွင် အရေးပါသောဒေသဖြစ်ရာ လက်ရှိတွင် အင်းသားများသည် ဗမာအဝတ်အစားများကို တွင်ကျယ်စွာဝတ်ဆင်ကြသည်။

အင်းသူအင်းသားတို့၏စည်းချက်ညီညီဝါးချက်ကျကျ လှေငယ်လေးအားခြေဖြင့် တက်ကို ပို့က်ကာပို့က်ကာ လှော်ခတ်ပုံမှာ သဘာဝကျကျလှပလို့နေပေသည်။ ကမ္ဘာကသိသည့် ဤအလှကို ပျောက်ကွယ်မသွားအောင်ထိန်းသိမ်းရန်မှာ အင်းသူအင်းသားတို့၏သမိုင်းပေးတာဝန်တရပ်ဖြစ်ပါသည်။ ကမ္ဘာတွင် တမူထူးသောအင်းသားတို့၏ ခြေဖြင့် လှေလှော်ဟန်သည် အင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုတစ်ရပ် အနေဖြင့် အစဉ်အမြဲ တည်ရှိနေမည်သာဖြစ်ပေသည်။

အင်းလေးကန်ကြီးသည် မြန်မာနိုင်ငံတော်အတွက် သာမက ကမ္ဘာတလွှားတိုင်ကျော်ကြားလျက်ရှိပါ သည်။ ကျွန်တော်တို့အားလုံးကလည်း နာမည်ကျော် အင်းလေးကန်ကြီးကို တိမ်ကောပျောက်ပျက်မသွား စေချင်ပါ။ အင်းလေးကန်ကြီးအစဉ် သာယာတည်တံ့ နေပါစေလို့ဆုတောင်းရင်း အင်းသူအင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် အင်းလေး ကန်၏အလှကိုလေ့လာခံစားရင်း အင်းလေး ဒေသရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်နိုင်ရန် နောင် အင်းလေးကို လာလည်ပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။

# အင်းရိုးရာအမျိုးသား နှင့် အမျိုးသမီးဝတ်စုံပုံ

# (သုံးစဉ် လေးစဉ် အထည်)



# (သုံးစဉ် လေးစဉ် အထည်)



# မှီငြမ်းကိုးကားချက်များ

(၁) တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ စာအုပ်မှ ကောက်နှုတ်ဖော်ပြ သည်။

(၂) တိုင်းရင်းသားရေးရာ အမှတ်(၃) မတ်လ-၂၀၁၉ အယ်ဒီတာအဖွဲ့ အေးမောင်ကျော်၊ မောင်ဇေယျာ၊ရဲမြင့်ကျော် မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့၏ ၄ လတစ်ကြိမ် တာဝန်ယူ ထုတ်ဝေသည့် စာတမ်းမှ ကောက်နှုတ်သည်။

(၃) မင်းသင့်နောင် (ကော့ကရိတ်) စာအုပ်မှ ကောက်နှုတ်ဖေါ်ပြသည်။

(၄) မင်းသင့်နောင်(ကော့ကရိတ်) အရှေ့ပိုးကရင် ဒုတိယအကြိမ်စာအုပ်မှ ကူးယူဖော်ပြသည်။

(၅) မိုင်နှင်းယုကျော် (TA-တိုင်းရင်းသားစာပေ) အရှိုချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့မှ ပြုစုပေးပို့သည်။

(၆) ဦးထန်ကမ်းလျန် ချင်းပြည်နယ်ညွှန်ကြား ရေးမှူးရုံးမှ ပြုစုပေးပို့သည်။

(၇) ထားဝယ်စာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီမှ ထုတ်ဝေသည့် ထားဝယ်မဂ္ဂဇင်းမှ ထုတ်နှုတ်ဖော်ပြသည်။

(၈) -ယောသိန် @ ဒွေးလှိုင် (အိုင်းမ)

-အင်တာနက်မှ လေ့လာစုစည်းဖော်ပြသည်။

(၉) နိုင်မောင်တိုး၏ မွန်ဓလေ့ မွန်မှု စာအုပ်မှ ကောက်နှုတ်ဖော်ပြသည်။

(၁၀) ရခိုင်မျိုးနွယ်စုဝင် ခမီတိုင်းရင်းသားလူမျိုး ရခိုင်ပြည်နယ် ယဉ်ကျေးမှုဌာနခွဲ တိုင်းရင်းသား လူမျိုး၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဖော်ထုတ်ရေးအဖွဲ့ ခမီလူမျိုးများ၏ သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာတွေ့ရှိချက် စာတမ်း စာအုပ်မှ ကောက်နှုတ်တင်ပြသည်။

(၁၁) အင်းဆားရဲ့ အင်းလေး၊ Eleven media group၊ Inlay Canoe Lady၊ WIKIPEDIA၊ မြန်မာနိုင်ငံမှ ဘုရားများသမိုင်း Page မှ ကောက်နှုတ်ဖော်ပြသည်။